# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၅ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၃၁ရက်၊ စနေနေ့၊ အတွဲ(၄၉)၊ အမှတ်(၂၉၉)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတက ဂုဏ်ပြုအခမ်းအနားဖြင့်ကြိုဆို



## ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နယူးဒေလီမြို့ Rashtrapati Bhavan ရှိ သမ္မတနန်းတော်၌ အိန္ဒိယသမ္မတ နိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာဒေဗီဆင်းပတေးလ်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၃၀

**အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာဒေဗီဆင်းပတေးလ်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ဇူလိုင် ၂၇ရက် နံနက်ပိုင်းတွင် နယူးဒေလီမြို့ရှိ သမ္မတနန်းတော်အဆောက်အအုံ Darbar ခန်းမ၌ ကျင်းပသည်။**

### ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် နံနက် ၉နာရီ ၁၀မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ၏ ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ရန် နယူးဒေလီမြို့ Rashtrapati Bhavan ရှိ သမ္မတနန်းတော်သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိလာရာ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာ ဒေဗီဆင်းပတေးလ်က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းက လှိုက်လှဲခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

*စာမျက်နှာ ၉ ကော်လံ ၅* ❍

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဇူလိုင် ၃၁ ရက်)

# ယာဉ်အန္တရာယ် ကင်းဝေးရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာ

ယနေ့ကာလတွင် ယာဉ်သုံးစွဲသူများ များပြားလာသည့်အတွက် ယာဉ်အန္တရာယ်ကင်းဝေးရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို ပြည်သူများလိုက်နာရန်အတွက် ပညာပေးပြပွဲ၊ ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး အသိပညာပေး ဟောပြောပွဲများကိုလည်း ပြည်နယ်နှင့်တိုင်းအသီးသီးရှိ မြို့နယ်များတွင် ကျင်းပလျက်ရှိရာ သက်ဆိုင်ရာက ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် ဘက်စုံထောင့်စုံမှ ဆောင်ရွက်ရာ၌ ပြည်သူများလည်း ဝိုင်းဝန်းပါဝင်ကြရမည်ဖြစ်သည်။

ယာဉ်အန္တရာယ်ဖြစ်မှုများကိုလေ့လာကြည့်လျှင် လမ်းစည်းကမ်းမလိုက်နာမှု၊ ယာဉ်စည်းကမ်း မလိုက်နာမှုတို့ကြောင့် အများဆုံးဖြစ်လေ့ရှိရာ ပြည်သူတိုင်းသည် လမ်းစည်းကမ်းကို သိရှိလိုက်နာပြီး ယာဉ်မောင်းသူများသည်လည်း ယာဉ်စည်းကမ်းကို သိရှိလိုက်နာပါက ယာဉ်တိုက်မှုများ လျော့နည်း ကျဆင်းသွားမည်ဖြစ်သည်။

ယာဉ်တိုက်မှုများ၌ ယာဉ်မောင်းသူများသည် ယာဉ်ကိုမဆင်မခြင် မောင်းနှင်ခြင်း၊ အရှိန်ပြင်းစွာ မောင်းနှင်ခြင်း၊ အရက်သေစာသောက်စား၍ မောင်းနှင်ခြင်း၊ ခရီးသွားများ၊ လမ်းကူးသူများ ပေါ့ဆခြင်းနှင့် စက်ကိရိယာချွတ်ယွင်းခြင်းတို့ကြောင့် ဖြစ်ပွားရလေ့ရှိကြောင်း လေ့လာတွေ့ရှိရသည်။

ယခုအခါ နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသည့်အလျောက် လမ်းများသည် အဆင့်မြှင့်လမ်းများ၊ ကတ္တရာလမ်းများနှင့် ကွန်ကရစ်လမ်းများအဖြစ် တိုးချဲ့ဖောက်လုပ်ပေးထားရာ ယာဉ်မောင်းသူများသည် ယာဉ်ကြောများတွင် သတ်မှတ်စည်းကမ်းအတိုင်း မောင်းနှင်သွားကြရမည် ဖြစ်သည်။

ယာဉ်တစ်စီးနှင့်တစ်စီး အပြိုင်မောင်းနှင်ခြင်း၊ ယာဉ်ကြောပိတ်ဆို့မောင်းနှင်ခြင်း၊ ယာဉ်ကြောမှားယွင်းစွာ မောင်းနှင်ခြင်းများကို ယာဉ်မောင်းသူများအားလုံးက ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

ယခုအခါ ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် အသိပညာပေးဟောပြောပွဲများ၊ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးပြပွဲ ပြိုင်ပွဲများ၊ ယာဉ်မောင်းသူနှင့် လမ်းကူးသူများအား အသိပညာပေးပြပွဲပြိုင်ပွဲများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ ယာဉ်အန္တရာယ်ကင်းဝေးရေးနှင့် ယာဉ်တိုက်မှု လျော့နည်းကျဆင်းရေးအတွက် ပြည်သူများပါ ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြဝတီရုပ်မြင်သံကြား

၃၁-၇-၂၀၁၀ (စနေနေ့)

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၂၀ ၃။ အရှင်ဇနကာဘိဝံသ ထေရုပ္ပတ္တိ ပိဋကတ်အခြေခံရင့်သန်ကျွမ်းကျင် စာတတ်စေဖို့ စနစ်တကျသင်
၇:၂၅ ၄။ ဓမ္မပူဇာတေး
၇:၃၀ ၅။ မျိုးချစ်တပ်မတော်
၇:၃၅ ၆။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇:၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၃၀ ၄။ ကာတွန်းအစီအစဉ်
၁၂:၀၀ ၅။ ရုပ်မြင်သံကြားဇာတ်လမ်း **စုန်ရေစီးသံ** ရဲအောင်၊ ဟိန်းဝေယံ၊ စိုးပြည့်သဇင် (ဒါရိုက်တာ- ဇမ္ဗူထွန်းသက်လွင်)
၁၃:၃၀ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြင်နာသူရဲ့ချစ်ရိပ်** (အပိုင်း-၅၆)

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၃၀ ၃။ ချစ်သူစုံတွဲ တူယှဉ်နွဲ့
၄:၃၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၄၅ ၅။ မြန်မာသံစဉ် ချိုနားဝင်
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀ ၉။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ လျှပ်တစ်ပြက်
၆:၃၀ ၁၃။ **စားဖို ဆောင် ချစ် သူ**
၆:၄၅ ၁၄။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လေဟုန်ခွင်းတဲ့ သူရဲကောင်း** (အပိုင်း-၃၆)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ လူရွှင်တော်စကား
၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လရောင်ဆမ်းတဲ့ဒဏ္ဍာရီ** (အပိုင်း-၂၅)
၂၃။ **လင်းရောင်စဉ်အတွက် ပုံရိပ်များ** (အပိုင်း-၁၄)

# အင်ဂျန်းယန်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၃၀

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ဇူလိုင်၂၃ရက်က အင်ဂျန်းယန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံရာ တက်ရောက်လာသူများက မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်းသည်များကို ဆွေးနွေးတင်ပြကြ၍ တိုင်းမှူးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ပေးအပ်**

ဆက်လက်၍ တိုင်းမှူးသည် ဌာနဆိုင်ရာ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများအား လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။ ထို့နောက် အင်ဂျန်းယန်မြို့ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး အလှူငွေများ ပေးအပ်သည်။

**လှည့်လည်ကြည့်ရှု**

ထိုမှတစ်ဆင့် တိုင်းမှူးသည် မြို့နယ်ပြည်သူ့ဆေးရုံသို့သွားရောက်ပြီး ဆေးရုံတက် လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဆေးသိုလှောင်ခန်း(ယာပုံ)၊ ခွဲစိတ်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ကျန်းမာရေးဝန်ထမ်းများအား အလှူငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**





## လက်တွေ့သရုပ်ပြသ

တောင်ငူမြို့ မြို့မဈေးကြီးအတွင်း မီးသတ်ဆေးဘူး အသုံးပြုပုံ ပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲကို ဇွန် ၂၉ရက်က ကျင်းပရာ ညွှန်ကြားရေးမှူး ဦးတင်ဝင်းနှင့် တာဝန်ရှိသူများ လက်တွေ့သရုပ်ပြသနေမှုကို ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

# အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း မော်ဘီမြို့နယ်၌ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီ၏ ဦးဆောင်ပံ့ပိုးမှု၊ မြို့နယ်ကျန်းမာရေးကော်မတီ၏ အနီးကပ်စောင့်ရှောက်မှုဖြင့် မြို့နယ်အတွင်း နာတာရှည်ရောဂါဝေဒနာရှင်များအား ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း အခမ်းအနားကို ဇူလိုင် ၂၉ရက် နံနက် ၉နာရီခွဲက မော်ဘီမြို့နယ် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဟောပြော**

အခမ်းအနားသို့ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး၊ အမျိုးသားခုခံအားကျ /ကာလသားရောဂါတိုက်ဖျက်ရေး စီမံချက်မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ဥမ္မာစံ၊ ဒုတိယညွှန်ကြားရေးမှူး HIV/AIDS ဒေါက်တာဦးမြင့်ရွှေ၊ တိုင်းကျန်းမာရေးဦးစီးဌာနမှ ဒုတိယ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာယဉ်သန္တာလွင်၊ တိုင်းခုခံအားကျ/ကာလသားရောဂါတိုက်ဖျက်ရေး ဆရာဝန်ကြီး ဒေါက်တာမျိုးသန့်၊ တီဘီရောဂါအထူးကုဆရာဝန်ကြီးဒေါက်တာစန်းစန်းရှိန်၊ တိုင်းအနာကြီးရောဂါတိုက်ဖျက်ရေးဌာန ဒေါက်တာသန်းဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီးဆရာဝန်ကြီးများက ကဏ္ဍအလိုက်ဟောပြောကြသည်။**(အောက်ပုံ)**

ထို့နောက် အဆိုပါ ပူးပေါင်းအဖွဲ့သည် မော်ဘီမြို့နယ်အတွင်းရှိ နာတာရှည် ဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြောကြပြီး ဆေးဝါးနှင့်အာဟာရပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## စာအုပ်စာပေ လူ့မိတ်ဆွေ



# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာမိုဟာမက်ဟာမစ် အန်ဆာရီ ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာမိုဟာမက်ဟာမစ် အန်ဆာရီသည် ဇူလိုင် ၂၇ရက် ညနေ ၄နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ ITC Maurya Hotel ဧည့်ခန်းမဆောင်၌ လာရောက်၍ ဂါရဝပြု တွေ့ဆုံသည်။



**တက်ရောက်**

ထိုသို့ တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီး ဌာနဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိမ်းတို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတမစ္စတာမိုဟာမက်ဟာမစ် အန်ဆာရီနှင့်အတူ Secretary Vice President's Secretariat Shri Shumsher K. Sheriff ၊ ပြည်ပရေးရာဝန်ကြီးဌာနမှ Joint Secretary Shri T.S. Tirumurti နှင့် Joint Secretary, Vice President's Secretariat Shri P. Harish တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာမိုဟာမက်ဟာမစ် အန်ဆာရီ အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ ITC Maurya Hotel ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)



## ရင်းရင်းနှီးနှီး နှုတ်ဆက်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ ဒုတိယ သမ္မတ မစ္စတာမိုဟာမက်ဟာမစ် အန်ဆာရီအား အိန္ဒိယ သမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ ITC Maurya Hotel ဧည့် ခန်းမဆောင်၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၃၁-၇-၂၀၁၀ (စနေနေ့ )**

**နံနက်ပိုင်း**

- ၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ **မဟာဒါန** တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Hip Hop Acoustics စာနယ်ဇင်းရှင်းလင်းပွဲ)
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆၃)
- ၈:၃၅ Sports World
- ၉:၀၀ မုဒုံမြို့၏သာသနာ့ဂုဏ်ရည်… ကန်တော်ဦးမုမြတ်စေတီ
- ၉:၁၀ ဆံကေသာကျန်းမာသန်စွမ်း လှပစေရန်ရည်ရွယ်ညွှန်း
- ၉:၃၀ Global Panorama (ဦးကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀:၃၀ Activities in the City
  - မဟာသိမ်တော်ကြီးပရိယတ္တိ စာသင်တိုက်ဩဝါဒခံယူပွဲနှင့် စာအောင်ဆုနှင်းသဘင်
  - Myanmar Insurance of Health Insurance Seminar
- ၁၁:၀၀ သွားမယ်စားမယ် (စံတော်ဝင် Food Center)
- ၁၁:၃၀ နေသူရိန်ပြောတဲ့ မင်းယှဉ်ရဲလား…ပြော
- ၁၁:၅၀ တောင်တန်းပေါ်က စိန်တလုံး
- ၁၂:၀၀ မြင်ကွင်းထဲမှရိုက်ချက်များ
- ၁၂:၁၅ မုဒုံမြို့၏ သာသနာ့ဂုဏ်ရည်… ကန်တော်ဦးမုမြတ်စေတီ
- ၁၂:၃၀ မျှော်လင့်ခြင်းခရီးစဉ်ဖြစ်ရပ်မှန်(၈) (ဘက်ပေါင်းစုံမှပြုစုကုသ စောင့်ရှောက်ခြင်း)
- ၁:၀၀ **မဟာဒါန** တရားတော် (အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာနန္ဒမာလာဘိဝံသ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ Zaw Win Htut Emperor 25th Anniversary Live Show (Part-4)
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ် (အပိုင်း-၆၃)**
- ၄:၄၅ Activities in the City
  - မဟာသိမ်တော်ကြီးပရိယတ္တိ စာသင်တိုက်ဩဝါဒခံယူပွဲနှင့် စာအောင်ဆုနှင်းသဘင်
  - Myanmar Insurance of Health Insurance Seminar
- ၅:၁၅ နေသူရိန်ပြောတဲ့ မင်းယှဉ်ရဲလား…ပြော
- ၅:၄၀ ဆံကေသာကျန်းမာသန်စွမ်း လှပစေရန်ရည်ရွယ်ညွှန်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၅၀ Zaw Win Htut Emperor 25th Anniversary Live Show (Part-4)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
- ၈:၅၅ သွားမယ်စားမယ် (စံတော်ဝင် Food Center)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၆၃)
- ၁၀:၀၀ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန် (၈) (ဘက်ပေါင်းစုံမှပြုစုကုသ စောင့်ရှောက်ခြင်း)
- ၁၀:၂၅ ဖန်တီးသူနှင့်အနုပညာ မျိုးသန္တာထွန်း (အပိုင်း-၂)
- ၁၀:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Hip Hop Acoustics စာနယ်ဇင်းရှင်းလင်းပွဲ)
- ၁၁:၀၀ မြို့ပြနှင့်ဘောလုံးယဉ်ကျေးမှု
- ၁၁:၄၀ **ကလေးများအတွက်အကောင်းဆုံး** ရီဝေယံ၊ မင်းရာဇာ အကယ်ဒမီပန်းဖြူ ဖြိုးသူရကျော် (ဒါရိုက်တာ-မင်းစိုးသီဟ)
- ၁၁:၅၅ သတင်းပေးလို့ဖော် တောင်ငူပဲကြော်၊ ပဲလှော်
- ၁၂:၀၅ မြန်မာ့တူရိယာစည်တော်ကြီး
- ၁၂:၁၅ ကဏ္ဍာစုံလင်အားကစားအစီအစဉ်
- ၁:၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## သစ်တောရေးရာဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၃၀**

သစ်တောရေးရာဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင် စိုက်ပျိုးပွဲကို နေပြည်တော်ရှိ သစ်တော ရေးရာဝန်ကြီးဌာန မျက်နှာစာရှိယာဉ်၌ ယနေ့နံနက် ၇နာရီက ကျင်းပရာ သစ်တော ရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းအောင် တက်ရောက်၍ ယင်းမာပင်ကို စိုက်ပျိုးပေး သည်။

**ကြည့်ရှုအားပေး**

ထို့နောက် ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းနှင့် ဦးစီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ယင်းမာ၊ ပိတောက်၊ မဟော်ဂနီ၊ ပျဉ်းမ၊ ပျဉ်းကတိုးနှင့် မယ်ဇယ်ပင်များကို စိုက်ပျိုးပေးကြပြီး သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီးဦးသိန်းအောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများသည် သစ်ပင် စိုက်ပျိုးနေကြသော ဝန်ထမ်းများအား လှည့်လည်၍ ကြည့်ရှုအားပေးကြသည်။

**စိုက်ပျိုး**

ယနေ့ ကျင်းပသော ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ သစ်တော ရေးရာဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာန များမှ ဝန်ထမ်း ၈၁၀ကျော် ပါဝင်ဆင်နွှဲ ကြပြီး ယင်းမာ၊ ပိတောက်၊ မဟော်ဂနီ၊ ပျဉ်းမ၊ ပျဉ်းကတိုးနှင့် မယ်ဇယ် စုစုပေါင်း အပင် ၉၀၀ကို စိုက်ပျိုးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဥတုရာသီ တောကိုမှီ၏

# အိန္ဒိယနှင့် အာဆီယံနိုင်ငံများအကြား ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများတိုးမြင့်လာနေ

# မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်လာစေရန် အပြန်အလှန် အထောက်အကူပြုစေမည်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**

နေပြည်တော် ဇူလိုင် ၃၀

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်က ဇူလိုင် ၂၇ ရက် ညပိုင်းတွင် နယူးဒေလီမြို့ Rashtrapati Bhavan ရှိ သမ္မတနန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။



သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်တို့အား ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် အိန္ဒိယ သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ မိုဟာမက်ဟာမစ် အန်ဆာရီနှင့်ဇနီး၊ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းနှင့်ဇနီး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့်ဇနီး၊ အဆင့်မြင့် အရာရှိကြီးများက တစ်ဦးချင်း ဂါရဝပြု နှုတ်ဆက်ကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့်ဇနီး ဒေါ်ခင်စောနှင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့်ဇနီး၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သူရမြင့်အောင်နှင့်ဇနီး၊ အစိုးရအဖွဲ့ဝင်

*စာမျက်နှာ ၅ ကော်လံ ၁သို့*

## မိန့်ခွန်းပြောကြား

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်က နယူးဒေလီမြို့ Rashtrapati Bhavan ရှိ သမ္မတနန်းတော်၌ ဂုဏ်ပြု ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)

## တွေ့ဆုံနှုတ်ဆက်

ဂုဏ်ပြုညစာစားပွဲ မကျင်းပမီ ည ၇ နာရီခွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စစ်ပါရာတီဘာ ဒေဗီဆင်းပတေးလ်က သီးသန့်ခန်းမ၌ ရှေးဦးစွာ တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးနှင့် ဇနီး ဒေါ်ခင်စောနှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းတို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ သမ္မတနှင့်အတူ ပြည်ပရေးရာဝန်ကြီးဌာန အတွင်းဝန် မစ္စစ်နီရူပါမားရောင်း (Mrs. Niru Pama Rao)၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတ နိုင်ငံ



သံအမတ်ကြီး ဒေါက်တာ ဗီလာဆွန်ဒါရာရာဂျန် ရှေရှာဒရီ၊ သမ္မတ၏ ကိုယ်ရေးအရာရှိ ဒေါက်တာ ခရစ္စတီ ဖာနန်ဒီ (Dr. Christy Fernandez)၊ ပြည်ပရေးရာဝန်ကြီးဌာန တွဲဖက်အတွင်းဝန် မစ္စတာ တီအက်စ်တီရူမာတီ (Mr. T.S. Tirumurti)နှင့် သံတမန်ရေးရာ ဌာနအကြီးအကဲ မစ္စတာ စူနီလ်လာလ် (Mr. Sunil Lal )တို့ တက်ရောက်ကြသည်။

## ဂုဏ်ပြုညစာစားပွဲတက်ရောက်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာ ဒေဗီဆင်းပတေးလ်တို့အား ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ပုဂ္ဂိုလ်များက နှုတ်ဆက်ဂါရဝပြုသည့် အစီအစဉ်ကို ညစာစားပွဲ ကျင်းပမည့်ခန်းမရှေ့၌ ကျင်းပရာ ရှေးဦးစွာ စစ်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော် သီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံသီချင်းတို့ကို ဂုဏ်ပြုတီးမှုတ်သည်။

## ဂါရဝပြု နှုတ်ဆက်

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး

## သမ္မတနန်းတော်၌ တွေ့ဆုံနှုတ်ဆက်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်က နယူးဒေလီမြို့ Rashtrapati Bhavan ရှိ သမ္မတနန်းတော် သီးသန့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## ဒေလီမြို့တွင်ပြုလုပ်ခဲ့သည့် နှစ်နိုင်ငံအကျိုးတူဆွေးနွေးမှုများသည် များစွာအကျိုးဖြစ်ထွန်းခဲ့

# မိမိတို့ နှစ်နိုင်ငံအကြား အပြန်အလှန် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ဒေသတွင်းရှိ နိုင်ငံများအကြား ပိုမိုနီးကပ်စွာ ဆက်ဆံနိုင်မှုကို အထောက်အကူဖြစ်စေ

**အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာ ဒေဗီဆင်းပတေးလ်**

*စာမျက်နှာ ၄မှ*

ဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များက အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်း ပတေးလ်အား တစ်ဦးချင်း ဂါရဝပြု နှုတ်ဆက်ကြသည်။

ထို့နောက် ဂုဏ်ပြုညစာစားပွဲကို ကျင်းပရာ ရှေးဦးစွာ အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စစ်ပါရာတီဘာ ဒေဗီဆင်း ပတေးလ်က မိန့်ခွန်းပြောကြားရာတွင် အိန္ဒိယသမ္မတနိုင်ငံသို့ ချစ်ကြည်ရေး အလည်အပတ်ခရီး ရောက်ရှိလာသော အဆွေတော် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအား ကြိုဆိုခွင့် ရရှိသည့်အတွက် အထူးဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း။

### မှတ်ကျောက်တင်နိုင်ခဲ့

မိမိတို့သည် အိမ်နီးချင်းနိုင်ငံများ ဖြစ်ကြသည်နှင့်အညီ နှစ်နိုင်ငံအကြား နှစ်ပေါင်းများစွာ တည်ရှိခဲ့သော မိတ်ဆွေကောင်းဖြစ်မှုနှင့် ချစ်ကြည်ရင်းနှီးမှု၊ သမိုင်းကြောင်း၊ ပထဝီအနေအထားနှင့် ယဉ်ကျေးမှုဆက်နွှယ်မှုများက နှစ်နိုင်ငံရင်းနှီးမှုကို ထပ်လောင်းပံ့ပိုးပေးခဲ့ပါကြောင်း၊ ဗုဒ္ဓဘာသာ၏ တူညီသော အမွေအနှစ်များ၊ ကိုလိုနီစနစ်အောက်မှာ ရရှိခဲ့သည့် အတွေ့အကြုံများ၊ လွတ်လပ်ရေးအတွက် ကြိုးပမ်းလှုပ်ရှားမှုများနှင့် မကြာသေးမီကာလအတွင်းက ပေါ်ထွန်းလာခဲ့သည့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများက နှစ်နိုင်ငံအကြား ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုကို မှတ်ကျောက်တင်နိုင်ခဲ့ပါကြောင်း။

### ပိုမိုတိုးတက်စေ

အဆွေတော်၏ ၂၀၀၄ ခုနှစ်က အိန္ဒိယနိုင်ငံကို လာရောက်ခဲ့သည့် ခရီးစဉ်သည် မိမိတို့ နှစ်နိုင်ငံအကြား ဆက်ဆံမှုကို ပိုမို ခိုင်မြဲတိုးတက်စေခဲ့သော သမိုင်းဝင်ခရီးစဉ်တစ်ခု ဖြစ်ခဲ့ပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဖြစ်ထွန်းစေခဲ့ပါကြောင်း၊ နှစ်နိုင်ငံအကြား အဆင့်မြင့် ခေါင်းဆောင်များ အပြန်အလှန် အလည်အပတ်ခရီးစဉ်များလည်း တိုးတက်ဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးသည် ဘက်စုံ ကဏ္ဍစုံမှ အဆက်မပြတ် တိုးတက်ဖြစ်ပေါ်လာနေကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ စီမံချက်များကို ပူးပေါင်း ဆောင်ရွက်လျက်ရှိရာတွင် ကုလားတန်မြစ်ကြောင်း ဘက်စုံ သယ်ယူပို့ဆောင်ရေး စီမံကိန်း၊ နယ်စပ်ဒေသ လမ်းတိုးချဲ့ရေးစီမံကိန်း၊ ထမံသီနှင့် ရွှေစာရေး ရေအားလျှပ်စစ် စီမံကိန်း၊ မကွေးရှိ Heavy Truck တည်ဆောက်သည့် စက်ရုံစီမံကိန်း၊ လျှပ်စစ်လိုင်းများ သွယ်တန်းမှုစီမံကိန်း စသည်တို့အပြင် စွမ်းအင်၊ လျှပ်စစ်၊ လယ်ယာစိုက်ပျိုးရေး၊ သတင်းအချက်အလက် နည်းပညာနှင့် မီးရထားကဏ္ဍများတွင်လည်း ပိုမိုတိုးတက်စေခဲ့ပါကြောင်း။

မြန်မာနိုင်ငံ၏တည်ရှိမှုသည် အာဆီယံနိုင်ငံများနှင့် တောင်အာရှနိုင်ငံများအကြား ပေါင်းကူးတံတားသဖွယ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံအတွက် အာဆီယံဒေသသို့ ဂိတ်တံခါးဝင်ပေါက်သဖွယ် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ဘင်းမ်စတက်ခ်အဖွဲ့၏ တက်ကြွသည့် အဖွဲ့ဝင်နိုင်ငံဖြစ်သကဲ့သို့ ဆာအတ်အဖွဲ့တွင်လည်း လေ့လာသူဖြစ်ကြောင်း၊ မိမိတို့ နှစ်နိုင်ငံအကြား အပြန်အလှန် ပူးပေါင်း ဆောင်ရွက်ကြခြင်းဖြင့် ဒေသတွင်းရှိ နိုင်ငံများအကြား ပိုမိုနီးကပ်စွာ ဆက်ဆံနိုင်မှုကိုအထောက်အကူဖြစ်စေကြောင်း။

### ကြည်ညို

အဆွေတော်၏ ယခုခရီးစဉ်သည် နေ့ထူးနေ့မြတ်ဖြစ်သော ဝါဆိုလပြည့်နေ့ပါဝင်ခဲ့ပြီး ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာနေရာများကို သွားရောက် ကြည်ညိုနိုင်ခဲ့ကြောင်း။

ဒေလီမြို့တွင် ပြုလုပ်ခဲ့သည့် နှစ်နိုင်ငံ အကျိုးတူဆွေးနွေးမှုများသည် များစွာအကျိုး ဖြစ်ထွန်းစေခဲ့ပြီး သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် မိမိတို့ နှစ်နိုင်ငံအကြား ချစ်ခင်ရင်းနှီးမှုများ ပိုမို တိုးတက်စေမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားပြီး နှုတ်ဆက် ဆုမွန်ကောင်းများ တောင်းသည်။

### နွေးထွေးစွာကြိုဆို

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းပြောကြားရာတွင် မိမိတို့ ကိုယ်စားလှယ်အဖွဲ့အား နယူးဒေလီမြို့တော်ကို ရောက်ရှိချိန်ကစပြီး နွေးထွေးစွာ ကြိုဆိုဧည့်ခံခဲ့သည့်အတွက် လည်းကောင်း၊ ဂုဏ်ပြုညစာစားပွဲနှင့် တည်ခင်း ဧည့်ခံခဲ့သည့်အတွက် လည်းကောင်း လှိုက်လှဲဝမ်းမြောက်စွာ ကျေးဇူးတင်ရှိကြောင်းဖြင့် ပဏာမ ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဆက်လက်ပြောကြားရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ရေမြေနယ်နိမိတ်ချင်း ဆက်စပ်လျက် နှစ်ထောင်ပေါင်းများစွာ အတူယှဉ်တွဲ နေထိုင်ခဲ့ကြသည့် အစဉ်အလာအားဖြင့် ချစ်ကြည်ရင်းနှီးကြသည့် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်ကြပါကြောင်း၊ နှစ်နိုင်ငံပြည်သူများအနေဖြင့်လည်း နှစ်နိုင်ငံအကြား သမိုင်းကြောင်း၊ ပထဝီအနေအထား၊ ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ ဓလေ့ထုံးတမ်းစဉ်လာများ တူညီ နီးကပ်မှုများကြောင့် တစ်ဦးနှင့်တစ်ဦး နီးကပ်စွာ ဆက်သွယ်မှုများ ရှိကြပါကြောင်း၊ ဗြိတိသျှကိုလိုနီထမ်းပိုးအောက်က ရုန်းထွက်ခဲ့ကြရာမှာလည်း အတူတကွ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် တူညီသော သမိုင်းအစဉ်အလာရှိကြသော နိုင်ငံများလည်း ဖြစ်ကြကြောင်း။

### ပိုမိုခိုင်မြဲလာ

လွတ်လပ်ရေး ရရှိခဲ့ကြပြီးနောက် မိမိတို့နှစ်နိုင်ငံသည် ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးမူကြီး(၅)ချက်အပေါ်အခြေခံပြီး အိမ်နီးချင်းကောင်းပီသစွာ နေထိုင်ဆက်ဆံလာခဲ့ကြပါကြောင်း၊ နှစ်နိုင်ငံအကြား အစဉ်အလာအရ တည်ရှိသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးများသည် လွန်ခဲ့သော ဆယ်စုနှစ်အတွင်း နှစ်နိုင်ငံ ခေါင်းဆောင်များ အပြန်အလှန်လည်ပတ်မှုများကြောင့် ပိုမိုခိုင်မြဲလာစေခဲ့ပြီး ဘက်စုံ ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ပေးနိုင်ခဲ့ပါကြောင်း။

အိန္ဒိယနိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံများအကြား စီးပွားရေးဆက်သွယ်ဆောင်ရွက်မှုများ၊ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာ တောင့်တင်းလာစေခဲ့ကြောင်း၊ အိန္ဒိယနိုင်ငံ၏ အရှေ့မျှော်ဝါဒကြောင့် နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက် ကျယ်ပြန့်များပြားလာစေကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား သတင်း အချက်အလက် နည်းပညာ ဖွံ့ဖြိုး တိုးတက်ရေး၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပိုမိုတိုးတက် ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း။

### အထောက်အကူပြု

တောင်အာရှ နိုင်ငံများနှင့် အာဆီယံနိုင်ငံများအကြား ဆက်သွယ်ရာမှာ မြန်မာနိုင်ငံအနေဖြင့် အဝင်မုခ်ဦးနှင့် ပေါင်းကူးတံတားသဖွယ် ဝမ်းမြောက်စွာ ကူညီဆောင်ရွက်ပေးသွားနိုင်မှာ ဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြင့်လာနေခြင်းကလည်း မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်လာစေရန် အပြန်အလှန် အထောက်အကူပြုစေမှာ ဖြစ်ပါကြောင်း။

နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန် ချစ်ကြည်ရေး ခရီးစဉ်များသည် နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုတိုးတက် ခိုင်မာစေခဲ့သည့်အပြင် ကဏ္ဍပေါင်းစုံ ပူးပေါင်း ဆောင်ရွက်မှုကို ဖော်ဆောင်သည့် ခေတ်သစ်ကို ပေါ်ထွန်းလာစေခဲ့ပါကြောင်း၊ ယခုမိမိချစ်ကြည်ရေးခရီးစဉ်၏ ရည်ရွယ်ချက်မှာ နှစ်နိုင်ငံအစိုးရနှင့် ပြည်သူများအကြား တည်ရှိနေသည့် ချစ်ကြည်ရင်းနှီးမှုများကို ပိုမိုခိုင်မြဲစေရန်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ဆက်ဆံရေးကို မဟာဗျူဟာကျသည့် ဆက်ဆံရေးအဆင့်သို့ တက်လှမ်းနိုင်ရေးအတွက် နှစ်နိုင်ငံအကျိုးစီးပွားကို ဖော်ဆောင်နိုင်မည့် ဖွံ့ဖြိုးရေး စီမံကိန်းများကို ထိရောက် လျင်မြန်စွာ ဆက်လက်ဖော်ထုတ် အကောင်အထည်ဖော်သွားရန် လိုအပ်မှာ ဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်

အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် ပြောင်းလဲမှုများဖြစ်သည့် သတင်းအချက်အလက်နည်းပညာ၊ ဇီဝနည်းပညာနှင့် စိုက်ပျိုးရေးနည်းပညာ၊ စက်မှုနှင့် သိပ္ပံနည်းပညာ နယ်ပယ်များ၏ အောင်မြင်မှုများကို တွေ့မြင်ရ၍ မြန်မာနိုင်ငံအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံအပေါ် အိန္ဒိယနိုင်ငံမှ နိုင်ငံရေး၊ စီးပွားရေး၊ နည်းပညာနှင့် ကူညီထောက်ပံ့ပေးမှုများအပေါ် အထူးကျေးဇူးတင်ရှိပါကြောင်း၊ဆက်လက်၍ အိန္ဒိယနိုင်ငံမှ နည်းပညာပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာမည်ဟု မျှော်လင့်ပါကြောင်းဖြင့် ပြောကြားပြီး နှုတ်ခွန်းဆက် ဆုမွန်ကောင်းများတောင်းသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီးဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များ၊ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာ ဒေဗီဆင်း ပတေးလ်နှင့် အဖွဲ့ဝင်များသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ဂုဏ်ပြု ညစာစားပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အဖွဲ့ဝင်များသည် သမ္မတနန်းတော်မှ ခေတ္တ တည်းခိုသည့် ITC Maurya Hotel သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား နယူးဒေလီမြို့ Rashtrapati Bhavan ရှိ သမ္မတနန်းတော်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စစ်ပါရာတီဘာ ဒေဗီဆင်းပတေးလ် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် မဟာတ္တမဂန္ဒီ အထိမ်းအမှတ်ဗိမာန်သို့ သွားရောက်၍ လွမ်းသူ့ပန်းခွေချ

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဇူလိုင် ၂၇ရက် နံနက်ပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာ ဒေဗီဆင်းပတေးလ်၏ ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ တက်ရောက်ပြီးနောက် နယူးဒေလီမြို့ Rajghat ရှိ မဟာတ္တမဂန္ဒီ အထိမ်းအမှတ်ဗိမာန်သို့ သွားရောက်ကြသည်။

**အလေးပြု**

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် မဟာတ္တမဂန္ဒီ အထိမ်းအမှတ်ဗိမာန် (Samadhi of Mahatama Gandhi)၌ လွမ်းသူ့ပန်းခွေချပြီး တစ်မိနစ်ခန့်ငြိမ်သက်၍ အလေးပြုသည်။

**ပွင့်ချပ်လွှာများကြဲချ**

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့သည် အထိမ်းအမှတ်ဗိမာန်၌ ပွင့်ချပ်လွှာများ ကြဲချပေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဗိမာန် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

**ရှင်းလင်းပြသ**

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးအား မဟာတ္တမဂန္ဒီ အထိမ်းအမှတ်ဗိမာန် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ အတွင်းရေးမှူး Mr.Rajneesh က ဗိမာန်၌ ထိန်းသိမ်းစောင့်ရှောက်ထားမှုများကို ရှင်းလင်းပြသပြီး ဗိုလ်ချုပ်မှူးကြီးအား မဟာတ္တမဂန္ဒီ အထိမ်းအမှတ် ထုတ်ဝေထားသည့် စာအုပ်များနှင့် အထိမ်းအမှတ်လက်ဆောင်ကို ပေးအပ်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မဟာတ္တမဂန္ဒီ အထိမ်းအမှတ်ဗိမာန်မှ ခေတ္တတည်းခိုသည့် ဟိုတယ်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ မဟာတ္တမဂန္ဒီ အထိမ်းအမှတ်ဗိမာန်၌ လွမ်းသူ့ပန်းခွေချစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယနိုင်ငံ အထက်လွှတ်တော်အတိုက်အခံခေါင်းဆောင် ဂါရဝပြုတွေ့ဆုံ



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ အထက်လွှတ်တော် အတိုက်အခံခေါင်းဆောင် မစ္စစ်ဆူရှာမာဆွာရာဂ် နယူးဒေလီမြို့ရှိ ITC Maurya Hotel ဧည့်ခန်းမဆောင်၌ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ အထက်လွှတ်တော် အတိုက်အခံခေါင်းဆောင် မစ္စစ်ဆူရှာမာဆွာရာဂ်သည် ဇူလိုင် ၂၇ရက် ညနေ ၃ နာရီခွဲတွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ ITC Maurya Hotel ဧည့်ခန်းမဆောင်၌ လာရောက်၍ ဂါရဝပြုတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်းတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## အခြေခံလျှပ်စစ်ကျွမ်းကျင်မှု သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၃၀**

အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက ဖွင့်လှစ်သော အခြေခံလျှပ်စစ်ကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၁/၂၀၁၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ အဆိုပါဌာန သင်တန်းခန်းမ၌ကျင်းပရာ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးလှိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ဆုရရှိကြသည့် သင်တန်းသူ သုံးဦးတို့အား ဆုများချီးမြှင့်ကာ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။

(သတင်းစဉ်)

## စာပေဗိမာန် စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၃၀**

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၇ ခုနှစ် စာပေဗိမာန်စာမူဆု မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ စာပေဒုတိယဆုရ သိန်းသန်းဝင်း(မလှိုင်) ရေးသားသည့် ''မြန်မာ့ဆိုင်း'' စာအုပ်ကို စာအုပ်အသင်း၏ (၆၂)အုပ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် ၅၂၉/၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

**ဆက်သွယ်နိုင်**

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ် ၅၂၉/၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီးဂါရဝပြုတွေ့ဆုံနှုတ်ဆက်

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး Mr.Somanahalli Mallaiah Krishana သည် ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့ရှိ ITC Maurya Hotel ဧည့်ခန်းမဆောင်သို့ လာရောက်၍ ဂါရဝပြုတွေ့ဆုံနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

**တက်ရောက်**

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းတို့ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ Foreign Secretary Mr. Nirupam Rao၊ Joint Secretary(BSM) Mr. T.S. Tirumurti၊ Director Mr. Gopal Bagley နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး Dr. Villur Sundararajan Seshadri တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအားလက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Pak Ui Chun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr.Pak Ui Chun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Kim Sok Chol တက်ရောက်သည်။ **(သတင်းစဉ်)**



**နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကိုရီးယားဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Pak Ui Chun ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

## သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

# မြန်မာနိုင်ငံ ခြေလျင်တောင်တက်အဖွဲ့ဝင်များ ကလောမြို့နယ်အတွင်း တောင်တက်လေ့ကျင့်

**နေပြည်တော် ဇူလိုင် ၃၀**

မြန်မာနိုင်ငံ ခြေလျင်နှင့်တောင်တက်အဖွဲ့ချုပ်သည် နိုဝင်ဘာလအတွင်း ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်းရှိ မည်သူမျှမတက်သေးသော ခန့်မှန်းပေ ၁၆၀၀၀ကျော်ရှိ မလိရေခဲတောင်သို့ တက်ရောက်အောင်မြင်နိုင်ရေးအတွက် ကြိုတင်လေ့ကျင့် ပြင်ဆင်ခြင်းအဖြစ် ဇူလိုင် ၂၃ရက်မှ ၂၇ရက်အထိ ရှမ်းရိုးမတောင်တက်လေ့ကျင့်ရေး ခရီးစဉ်သွားရောက်ခဲ့ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်အတွင်း မြင်းဒိုက်ဘူတာအနီးရှိ မြင်းဆိုင်ကုန်း အထက်တန်းကျောင်းခွဲကို အခြေပြု၍ ဆင်တောင်၊ မြင်းမထိတောင်များသို့ စည်းရုံးလေ့ကျင့်မှုပြုခဲ့ကြောင်း သိရသည်။

ထိုအဖွဲ့တွင် မြန်မာနိုင်ငံခြေလျင်နှင့် တောင်တက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာပိုင်စိုး ဦးဆောင်သော အဖွဲ့ဝင် ၃၄ဦးပါဝင်ခဲ့ပြီး အဖွဲ့ဝင်များအဖြစ် တောင်တက်အားကစားဝါသနာရှင်များ၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)၊ နည်းပညာတက္ကသိုလ်(ရန်ကုန်)၊ သူနာပြုတက္ကသိုလ် (ရန်ကုန်)၊ စီးပွားရေးတက္ကသိုလ် (ရန်ကုန်)၊ ရေကြောင်းပညာသင်တက္ကသိုလ် (ရန်ကုန်)၊ ဒဂုံတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှုကောလိပ်၊ မန္တလေးဆေးတက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မန္တလေး)၊ နိုင်ငံခြားဘာသာတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ် (မိတ္ထီလာ)၊ စီးပွားရေးတက္ကသိုလ်(မုံရွာ)၊ မုံရွာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မကွေး)နှင့် အဝေးသင်တက္ကသိုလ်တို့မှ အုပ်ချုပ်သူ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ လိုက်ပါခဲ့ကြကာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ တာဝန်ရှိသူများက အားပေးကူညီပံ့ပိုးပေးခဲ့ကြောင်း သတင်းရရှိသည်။ **(တောင်တက်အဖွဲ့ချုပ်)**

## မြန်မာနိုင်ငံ ပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးတင်မိုးအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## မြန်မာ့ရုပ်မြင်သံကြား

၃၁-၇-၂၀၁၀ (စနေနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ ဒေသထွက်ကုန်အဖုံဖုံ မန္တလေးကမုန့်မျိုးစုံ
၈း၁၅ ၇။ အတီးပြိုင်ပွဲ
၈း၃၀ ၈။ တေးဂီတအစီအစဉ်
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ Local Talent

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁း၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၀၅ ၅။ Yan Can Cook
၁၂း၂၅ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ** (အပိုင်း-၂၉)
၁၃း၂၀ ၇။ **မြေကမ္ဘာမှတ်တမ်း**
၁၃း၃၅ ၈။ ဂီတသံစဉ်အလှဆင်
၁၃း၅၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄း၀၀ ၁၀။ အဆိုပြိုင်ပွဲ
၁၄း၁၀ ၁၁။ **ဗမ္မာ့ဒီပါမှာထွန်းတဲ့ကျွန်း**
၁၄း၅၀ ၁၂။ International News

**ညပိုင်း**

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၅ ၃။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၄း၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာအထူးပြုများ) (ရူပဗေဒ)
၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၅ ၆။ ကဗျာပန်းဥယျာဉ်
၅း၁၀ ၇။ တေးဂီတအစီအစဉ်
၅း၂၅ ၈။ ပြောင်းလဲနေသောကမ္ဘာ့ရာသီဥတုအခြေအနေများ
၅း၄၀ ၉။ မိုးဒေဝါနှင့်မိုးဒေဝါကိုဖန်တီးကြသူများ (ဗိုလ်ကလေးတင့်အောင်စီစဉ်တင်ဆက်သည်)
၆း၀၀ ၁၀။ ညနေခင်းသတင်း
၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
၆း၃၅ ၁၃။ ယဉ်တစ်ကိုယ်မယ်
၇း၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အတိတ်ရဲ့ပုံရိပ်** (အပိုင်း-၁)
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၉။ **ရွှေမြရုံခြယ်** [(တေးဆို-စိုးစန္ဒာထွန်းနှင့်အဖွဲ့၊ တေးရေး-မောင်မောင်အေး (အလင်္ကာဝတ်ရည်)]
၂၀။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (အပိုင်း-၄၆)
၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေဆုံးမြေဆုံး** (အပိုင်း-၇)
၂၂။ ဂီတတံခါးလေးဖွင့်ပါဦး







### ရင်းရင်းနှီးနှီး နှုတ်ဆက်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်း နယူးဒေလီမြို့ Hyderabad House ရှိ The Deccan Suite ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

**နှစ်နိုင်ငံ ပြစ်မှုဆိုင်ရာကိစ္စများတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး သဘောတူစာချုပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး Mr. Palaniappan Chidambaram တို့ လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

*✻ ကျောဖုံးမှ*

## တွေ့ဆုံဆွေးနွေး

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့သည် Conference Room ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့်အတူ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး Mr. Pranab Mukhrjee၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. A. K. Antony၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး Mr. Palaniappan Chidambaram၊ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး Mr. Somanahalli Mallaiah Krishna၊ လျှပ်စစ်ဝန်ကြီးဌာန ဝန်ကြီး Mr. Sushil Kumar Shinde၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီး ဌာန ဝန်ကြီး Mr. Murli Deora၊ သင်္ဘောပို့ဆောင်ရေးလုပ်ငန်းဆိုင်ရာ ဝန်ကြီး Mr.G.K.Vasan၊ ပြည်ပရေးရာဝန်ကြီးဌာန မှ Minister of State Mrs. Preneet Kaur၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

### လက်မှတ်ရေးထိုး

**သိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံမှ Secretary, Department of Science and Technology Dr. T. Ramasomi တို့ လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)



**ပြည်တွင်းအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သာရေးနာရေးအဖွဲ့များ၊ ပညာရေးနှင့် သက်မွေးပညာအဖွဲ့အစည်းများမှ တစ်ဆင့် အသေးစားဖွံ့ဖြိုးမှုစီမံချက်များ အကောင်အထည်ဖော်ရေးအတွက် အကူအညီပေးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အက်စ်အမ်ကရစ်ရှနားတို့ လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)



## နှုတ်ခွန်းဆက်

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ နှစ်နိုင်ငံ ခေါင်းဆောင်များသည် အပြန်အလှန် နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ဆက်လက်၍ နှစ်နိုင်ငံ နားလည်မှုနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ခိုင်မာရေးအတွက် နှစ်နိုင်ငံ ခေါင်းဆောင်များ စဉ်ဆက်မပြတ် အလေးထား ဆောင်ရွက်ခဲ့မှုနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်ကို အခြေခံ၍ အိမ်နီးချင်းကောင်းပီသစွာ အတူတကွ လက်တွဲနေထိုင်လာခဲ့မှု အခြေအနေ၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကိစ္စများကိုလည်းကောင်း၊ နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စများ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ လမ်းပန်းဆက်သွယ်ရေးကိစ္စ၊ ကုလားတန်မြစ်ကြောင်း ဘက်စုံ သယ်ယူပို့ဆောင်ရေး စီမံကိန်း၊ တီးတိန်လမ်းပြုပြင်ရေး၊ စတီးဝဲလမ်းမကြီး အဆင့်မြှင့်တင်ရေးကိစ္စများကို လည်းကောင်း၊ လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ အိုင်တီနည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ ရထားပို့ဆောင်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပြန်ကြားရေး၊ ယဉ်ကျေးမှု၊ ဆက်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်း ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာများ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ မျက်နှာစာများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးညှိနှိုင်းကြသည်။

## လက်မှတ်ရေးထိုး

တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား သဘောတူစာချုပ်များနှင့် နားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုးပွဲကို Hyderabad House ခန်းမဆောင်၌ ကျင်းပသည်။

## စာချုပ်များအပြန်အလှန်လဲလှယ်

အခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယ သမ္မတနိုင်ငံ အစိုးရတို့အကြား နှစ်နိုင်ငံ ပြစ်မှုဆိုင်ရာကိစ္စများတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး သဘောတူစာချုပ်ကို နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး Mr.Palaniappan Chidambaram တို့က လည်းကောင်း၊ ပြည်တွင်းအဖွဲ့များ၊





○ *ရှေ့ဖုံးမှ*

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာဒေဗီဆင်းပတေးလ်တို့သည် ဂုဏ်ပြုခံစင်မြင့်၌ နေရာယူကြသည်။

ထိုအချိန်တွင် စစ်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းနှင့် အိန္ဒိယသမ္မတနိုင်ငံသီချင်းတို့ကို ဂုဏ်ပြုတီးမှုတ်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့သည် ဂုဏ်ပြုကြိုဆိုသည့်အခမ်းအနားသို့ တက်ရောက်လာကြသော အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်၊ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာဒေဗီဆင်းပတေးလ်နှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့ နယူးဒေလီမြို့ Rashtrapati Bhavan ရှိ သမ္မတနန်းတော်၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။** (သတင်းစဉ်)



## သမ္မတနန်းတော်၌ ဂုဏ်ပြုကြိုဆို

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့အား အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ် ပါရာတီဘာ ဒေဗီဆင်းပတေးလ်က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို နယူးဒေလီမြို့ရှိ သမ္မတနန်းတော် အဆောက်အအုံ Darbar ခန်းမ၌ ကျင်းပစဉ်။** (သတင်းစဉ်)



ဆက်လက်၍ အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စစ်ပါရာတီဘာ ဒေဗီဆင်းပတေးလ်က ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်၊ အိန္ဒိယသမ္မတနိုင်ငံသမ္မတ မစ္စစ်ပါရာတီဘာဒေဗီဆင်းပတေးလ်နှင့် ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အိန္ဒိယသမ္မတနိုင်ငံ သမ္မတက ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသူရမြင့်အောင်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

**တက်ရောက်**

အလားတူ အိန္ဒိယသမ္မတနိုင်ငံ သမ္မတ မစ္စစ်ပါရာတီဘာ ဒေဗီဆင်းပတေးလ်နှင့်အတူ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၊ ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီး Mr. Pranab Mukherjee ၊ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး Mr. A.K. Antony၊ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး Mr. Somanahalli Mallaiah Krishna၊ ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး Mr. Palaniappan Chidambaram၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး Mr.Sushil Kumar Shinde၊ ဒုတိယဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



**လက်မှတ်ရေးထိုး**

တွေ့ဆုံဆွေးနွေးပွဲ အပြီးတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား သဘောတူစာချုပ်များနှင့် နားလည်မှု စာချွန်လွှာများ လက်မှတ်ရေးထိုးပွဲကို Hyderabad House ခန်းမဆောင်၌ ကျင်းပသည်။

**စာချုပ်များအပြန်အလှန်လဲလှယ်**

အခမ်းအနားတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့အကြား နှစ်နိုင်ငံ ပြစ်မှုဆိုင်ရာကိစ္စများတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သာရေးရန်ပုံငွေအဖွဲ့များ၊ ပညာရေးနှင့် သက်မွေးပညာ အဖွဲ့အစည်းများမှတစ်ဆင့် အသေးစား ဖွံ့ဖြိုးမှုစီမံချက်များ အကောင်အထည်ဖော်ရေးအတွက် အကူအညီပေးရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အက်စ်အမ်ကရစ်ရှနားတို့က လည်းကောင်း၊ သတင်းနှင့်ပြန်ကြားရေး ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန အတွင်းဝန် Mr. Raghu Menon တို့ကလည်းကောင်း၊ သိပ္ပံနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံမှ Secretary, Department of Science and Technology Dr. T. Ramasomi တို့က လည်းကောင်း၊ ပုဂံအာနန္ဒာဘုရား ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန အတွင်းဝန် Mr. Jawhar Sircar တို့ကလည်းကောင်း အသီးသီး လက်မှတ်ရေးထိုးကြပြီး စာချုပ်များ အပြန်အလှန် လဲလှယ်ကြသည်။

လက်မှတ်ရေးထိုးပွဲ အပြီး၌ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ပူးတွဲကြေညာချက်တစ်ရပ်ကို ၂၀၁၀ခုနှစ် ဇူလိုင် ၂၇ရက်တွင် ထုတ်ပြန်ခဲ့သည်။ **(သတင်းစဉ်)**



**သတင်းနှင့် ပြန်ကြားရေး ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်ဆန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန အတွင်းဝန် Mr. Raghu Menon တို့ လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)



**ပုဂံအာနန္ဒာဘုရား ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စု မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် အိန္ဒိယသမ္မတနိုင်ငံ ယဉ်ကျေးမှုဝန်ကြီးဌာန အတွင်းဝန် Mr. Jawhar Sircar တို့ လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

## တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ အဆင့်မြင့်ပညာ ဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်နှင့် ဒီဂရီကောလိပ်ပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲတွင် ပထမဆုရရှိသော လားရှိုးတက္ကသိုလ်အသင်းအား တံခွန်စိုက်ဒိုင်း ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)



## ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ

## တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်ဆုချီးမြှင့်

**နေပြည်တော် ဇူလိုင် ၃၀**

အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)တက္ကသိုလ်နှင့် ဒီဂရီကောလိပ်ပေါင်းစုံ ပိုက်ကျော်ခြင်း(အမျိုးသား)ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇူလိုင်၂၇ရက် နံနက်ပိုင်းက မန္တလေးတက္ကသိုလ် အားကစားကွင်း၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်အားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ရှေးဦးစွာ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲအပြီးတွင် တာဝန်ရှိသူများက ဒုတိယဆုရရှိသော ရတနာပုံတက္ကသိုလ်အသင်းနှင့် ပထမဆုရရှိသော လားရှိုးတက္ကသိုလ်အသင်းတို့အား ဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် တိုင်းမှူးက ဒုတိယဆုရရှိသော ရတနာပုံတက္ကသိုလ်အသင်းအား ဂုဏ်ပြုဆုငွေနှင့် ပထမဆုရရှိသော လားရှိုးတက္ကသိုလ်အသင်းအား တံခွန်စိုက်ဒိုင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး အသင်းအုပ်ချုပ်သူ၊ နည်းပြ၊ အသင်းသားများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အထူးစီမံကိန်းဝင်လမ်းများသို့ ကတ္တရာများပို့ဆောင်နေမှု

## ဝန်ကြီးဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၃၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင်၂၈ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ရှိပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပစ္စည်းသိုလှောင်ရေးနှင့် ဖြန့်ဖြူးရေးဌာန(ပျဉ်းမပင်)သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူးကြီး(ပစ္စည်း) ဦးကျော်ဝင်းက ကတ္တရာများရောက်ရှိမှု၊ ပြည်နယ်နှင့်တိုင်းများရှိ လုပ်ငန်းခွင်များသို့ဖြန့်ဝေမှု၊ ပစ္စည်းသိုလှောင်ဝင်းအခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးက သိုလှောင်ဝင်းအတွင်း ထားရှိသည့်ပစ္စည်းများ အလေအလွင့်မရှိအောင် စနစ်တကျထိန်းသိမ်းထားရန် မှာကြားသည်။

ဆက်လက်၍ ပစ္စည်းသိုလှောင်ရုံဝင်းအတွင်းရှိ ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ်အတွင်း စာချုပ်ချုပ်ဆို ဝယ်ယူခဲ့သည့် ကတ္တရာ (၈၀/၁၀၀)အမျိုးအစား မက်ထရစ်တန် ၂၅၀၀၀အနက် ပထမအသုတ်ရောက်ရှိသည့် ကတ္တရာ ၄၅၂၃တန်ကို ပြည်နယ်/တိုင်းများရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်လျက်ရှိသော လမ်းလုပ်ငန်းများနှင့် အထူးစီမံကိန်းဝင်လမ်းများသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးနေမှု အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများ

## ကလောခရိုင် ပြည်သူ့ဆေးရုံ၌ ရှင်းလင်းဟောပြော

**ကလော ဇူလိုင် ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်တွင် သွေးလွန်တုပ်ကွေးနှင့် အဘိတ်ဆေးအကြောင်း သိကောင်းစရာဆွေးနွေးပွဲကို ဇူလိုင် ၁၅ရက် နံနက် ၁၀နာရီက ကလောမြို့ ခရိုင်ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဇော်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ဆရာဝန်ကြီးနှင့် ပြည်နယ်ငှက်ဖျားအဖွဲ့တို့က သွေးလွန်တုပ်ကွေးနှင့် အဘိတ်ဆေးအကြောင်း ရှင်းလင်းဟောပြောသည်။ **(အပေါ်ပုံ)**

**လက်တွေ့ပညာပေး**

မွန်းလွဲပိုင်းတွင် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ရပ်ကွက်ဥက္ကဋ္ဌများသည် ရပ်ကွက်အတွင်း ခြင်ဆေးဖျန်းခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်မခိုအောင်းနိုင်ရန် ဖုံး၊သွန်၊လဲ၊စစ် လုပ်ငန်း လက်တွေ့ပညာပေး ဆောင်ရွက်ခဲ့သည်။

**(အမျိုးသမီးရေးရာ)**

## ကျေးရွာသားဖွားခန်းဖွင့်ပွဲ

## ညောင်တုန်းမြို့နယ် ကြိမ်ပင်ဆယ်ကျေးရွာ၌ကျင်းပ

**ညောင်တုန်း ဇူလိုင် ၃၀**

ညောင်တုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကြိမ်ပင်ဆယ်ကျေးရွာသားဖွားခန်းဖွင့်ပွဲကို ကြိမ်ပင်ဆယ်ကျေးရွာသားဖွားခန်း၌ ဇူလိုင် ၂၄ရက် နံနက် ၉နာရီက ကျင်းပရာ ဆင်ထုံးကျေးရွာအုပ်စု မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သန်းလေးက သားဖွားခန်း အဆောက်အအုံနှင့် ပတ်သက်သော စာရွက်စာတမ်းများကို ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေထံသို့ လွှဲပြောင်းပေးအပ်သည်။

**ပေးအပ်**

ထို့နောက် တိုင်း မိခင်နှင့်ကလေး ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌက သားဖွားခန်း တည်ဆောက်ရေးအတွက် မတည်ငွေ လှူဒါန်းခဲ့သော ဆင်ထုံးကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးကျော်သိန်း-ဒေါ်သန်းလေး၊ ပန်းရောစားသောက်ဆိုင်ပိုင်ရှင် ဒေါ်စောဟန်နှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

**ဖွင့်လှစ်ပေး**

ထို့နောက် တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဆင်ထုံးကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ ဥက္ကဋ္ဌနှင့် အလှူရှင်တို့က သားဖွားခန်းအဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**ကြိမ်ပင်ဆယ်ကျေးရွာ သားဖွားခန်း အဆောက်အအုံကို ဆင်ထုံးကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးကျော်သိန်း-ဒေါ်သန်းလေးတို့က ကျပ်သိန်း၅၀၊ ပြည်သူများကလှူဒါန်းငွေ ကျပ် ၁၅သိန်း စုစုပေါင်း ကျပ်၆၅သိန်း အကုန်အကျခံ တည် ဆောက်ခဲ့ကြောင်း သိရသည်။

(၁၅၂)





## လပွတ္တာ၌ ကျောင်းဝတ်စုံများလှူဒါန်း

**လပွတ္တာ ဇူလိုင် ၃၀**

လပွတ္တာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် လူမှုဝန်ထမ်းဦးစီးဌာန လူငယ်အားမာန်ကျောင်းသို့ လပွတ္တာမြို့အတွင်းရှိ အလှူရှင်များက ကျောင်းဝတ်စုံ လှူဒါန်းပွဲ အခမ်းအနားကို (၃)မိုင်မြို့သစ် လူငယ်အားမာန်သင်တန်းကျောင်းခန်းမ၌ ဇူလိုင် ၁၇ရက် နံနက် ၁၀နာရီက ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဒုတိယရဲမှူးကြီး သောင်းဝင်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဦး၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် လပွတ္တာခရိုင် ဒုတိယရဲမှူးကြီးသောင်းဝင်းက အမှာစကားပြောကြားပြီး အလှူရှင်တစ်ဦးက လှူဒါန်းရခြင်းအကြောင်းကိုရှင်းလင်းပြောကြားကာ ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**ထို့နောက် လူငယ်အားမာန်သင်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးဦးအောင်စိုးကျော်က လူမှုဝန်ထမ်းဦးစီးဌာန၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန် (၈)ရပ်ကို ရှင်းလင်းတင်ပြသည်။ **(မြို့နယ် ပြန်/ဆက်)**

နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်၌ ဆောင်ရွက်သည့် ရွာသာကုန်း-ဂျိုက်တောကြီးကျေးလက်လမ်း ဂဝံမြေနီခင်းခြင်းလုပ်ငန်းကို ဇူလိုင်၂၂ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဉာဏ်စိုးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)



**သစ်ပင်စိုက်ပါ**

**ဒို့ကမ္ဘာ**

**သာယာလှပ**

**စိမ်းမြမြ**



မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရွှေဟသာ်ဈေး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဇွန်၂၃ရက်က ဈေးအတွင်း ရေပိုက်သွယ်တန်းတပ်ဆင်နေမှု အခြေအနေများကို အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

### ရုရှားအရှေ့ကမ်းလွန်၌ အင်အားပြင်းငလျင်လှုပ်

*ရုရှားနိုင်ငံအရှေ့ပိုင်း ကမ်ချက်ကာ ကမ်းလွန်၌ ဇူလိုင် ၃၀ရက်က ရစ်ချ်တာစကေး ၆ဒသမ၂ အဆင့်ရှိ အင်အားပြင်းငလျင်လှုပ်ခဲ့ကြောင်း၊ ကမ်ချက်ကာမြို့တွင် နေအိမ်အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့သော်လည်း ပျက်စီးထိခိုက်မှုမရှိကြောင်း ရုရှားအရာရှိများက သတင်းထုတ်ပြန်သည်။*

### ကမ္ဘာ့ဈေးကွက်၌ ဒေါ်လာတန်ဖိုးကျဆင်း

*ကမ္ဘာ့ဈေးကွက်တွင် အမေရိကန်ဒေါ်လာတန်ဖိုးများ ကျဆင်းလျက်ရှိရာ ဂျပန်နိုင်ငံ တိုကျိုမြို့ ငွေကြေးဈေးကွက်၌ ဇူလိုင် ၃၀ရက်က ဂျပန်ယန်းငွေ ၈၆ ယန်းလျှင် အမေရိကန်တစ်ဒေါ်လာအထိ ဖြစ်ခဲ့ကြောင်း ဂျပန်ငွေကြေးအရာရှိများက သတင်းထုတ်ပြန်သည်။*

### ပါကစ္စတန်မြောက်ပိုင်း၌ မြေပြို

*ပါကစ္စတန်နိုင်ငံမြောက်ပိုင်း ဘီရှမ်အရပ်တွင် ဇူလိုင် ၃၀ရက် နံနက်က မြေပြိုမှုဖြစ်ပွားရာ ဒေသခံ ၄၉ဦး သေဆုံးခဲ့ကြောင်း၊ မိုးသည်းထန်ပြီး ရေလွှမ်းမှုများကြောင့် ဖြစ်ကြောင်း ပါကစ္စတန်အရာရှိများက ဇူလိုင် ၃၀ရက်၌ ပြောကြားသည်။ (အောက်ပုံ)*



### ကန်၌လေ့ကျင့်ရန် အင်ဒိုတပ်ဖွဲ့ဝင်များ စေလွှတ်မည်

*အင်ဒိုနီးရှားလေတပ် တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်တန်းပေးရန် နှစ်နိုင်ငံ သဘောတူညီချက်အရ အမေရိကန်သို့စေလွှတ်ရန် စီစဉ်လျက်ရှိကြောင်း အင်ဒိုနီးရှား လေတပ်အရာရှိတစ်ဦးက ဇူလိုင် ၃၀ရက်၌ ပြောကြားသည်။*

### ဂျပန်၌ အလုပ်လက်မဲ့နှုန်းမြင့်တက်

*ဂျပန်နိုင်ငံတွင် အလုပ်လက်မဲ့နှုန်းများ မြင့်တက်လျက်ရှိရာ ပြီးခဲ့သည့် ဇွန်လကထက် ယခုဇူလိုင်လ၌ ၅ဒသမ ၃ရာခိုင်နှုန်း ပိုမိုမြင့်တက်ခဲ့ကြောင်း ဂျပန်နိုင်ငံ အလုပ်သမားရေးရာ အရာရှိများက ဇူလိုင် ၃၀ရက်၌ သတင်းထုတ်ပြန်သည်။*

### ပျောက်ဆုံးနေသော ရုရှားလေယာဉ်မှူး ပြန်ရောက်လာ

*ဆူဒန်နိုင်ငံ ဒါဖာတောင်ပိုင်း၌ သုံးရက်ကြာပျောက်ဆုံးနေသော ရုရှားလေယာဉ်မှူး မော့စ်တိုချီကော့ဗ်သည် ဒါဖာရှိ ကုလသမဂ္ဂ အခြေစိုက်စခန်းသို့ ဇူလိုင် ၃၀ရက် နံနက်က ပြန်လည်ရောက်ရှိလာကြောင်း၊ လက်နက်ကိုင်များက ထိန်းသိမ်းထားရာမှ ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။*

### တိုယိုတာကားများ အမေရိကန်ဈေးကွက်မှ ပြန်သိမ်းဆည်း

*အမေရိကန်ဈေးကွက်၌ ဖြန့်ဖြူးထားသော တိုယိုတာကားအစီး ၃၇၃၀၀၀ ကို ဘရိတ်စနစ် ပြန်လည်ပြုပြင်ရန်လိုအပ်သဖြင့် ဇူလိုင် ၃၀ရက်မှ စတင်ကာ ပြန်လည်သိမ်းဆည်းလျက်ရှိကြောင်း တိုယိုတာကားကုမ္ပဏီက သတင်းထုတ်ပြန်သည်။*

### ဖင်လန်နိုင်ငံသမိုင်း၏ အမြင့်ဆုံးအပူချိန်

*ဖင်လန်နိုင်ငံအရှေ့ပိုင်းတွင် ဇူလိုင် ၃၀ရက်က အပူချိန် ၃၇ ဒသမ ၂ဒီဂရီ ဆဲလ်စီးရပ်စ်အထိ မြင့်တက်ခဲ့ရာ ဒေသခံပြည်သူများ အပူဒဏ် ဆိုးရွားစွာခံစားခဲ့ရကြောင်း၊ ဖင်လန်နိုင်ငံသမိုင်း၌ အမြင့်ဆုံးအပူချိန်ဖြစ်ကြောင်း ဖင်လန်မိုးလေဝသဌာနက သတင်းထုတ်ပြန်သည်။*

### ရုရှားလေယာဉ် အပိုင်စီးမှုမအောင်မြင်

*ရုရှားနိုင်ငံ ဒိုမိုဒီဒိုဗိုလေဆိပ်၌ ဇူလိုင် ၃၀ရက် နံနက်က ခရီးသည်တင်လေယာဉ်တစ်စင်းကို အမျိုးသားတစ်ဦးက အပိုင်စီးရန် ကြိုးပမ်းခဲ့ရာ အချိန်မီသတင်းရရှိခဲ့သဖြင့် ကာကွယ်နိုင်ခဲ့ပြီး အပိုင်စီးရန်ကြိုးပမ်းသူအား ဖမ်းဆီးနိုင်ခဲ့ကြောင်း ရုရှားရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။ ။ (အင်တာနက်)*



## အစ္စရေးနိုင်ငံ၌ သင်တန်းတက်ရောက်ခဲ့ကြသော သင်တန်းသားများအား ဝန်ကြီး ဦးဌေးဦး တွေ့ဆုံမှာကြား

နေပြည်တော် ဇူလိုင် ၃၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးဌေးဦးသည် ဇူလိုင် ၂၈ရက် ညနေ ၄နာရီခွဲက နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ အစ္စရေးနိုင်ငံ Granot Agrostudies မှ ဖွင့်လှစ်သည့် ၂၀၀၉-၂၀၁၀ခုနှစ် စိုက်ပျိုးရေးလုပ်ငန်းခွင်သို့ ၁၀လကြာ သင်တန်းတက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာကြသော သင်တန်းသား ၃၇ဦးအား တွေ့ဆုံသည်။

**ဆောင်ရွက်**

ယင်းသို့တွေ့ဆုံရာတွင် ဝန်ကြီးက မိမိတို့ လက်တွေ့ဆည်းပူးရရှိခဲ့ကြသော စိုက်ပျိုးထုတ်လုပ်မှုနည်းပညာများကို မိမိတို့တာဝန်ကျရာ ဒေသ၌ရှိသည့် တောင်သူလယ်သမားများ၊ စိုက်ပျိုးထုတ်လုပ်သူများနှင့် စိုက်ပျိုးရေးလုပ်ငန်းရှင်များအား သီးနှံများ ပိုမိုထုတ်လုပ်နိုင်ရန် ကူညီပေးခြင်းဖြင့် စီးပွားရေးတိုးတက်မြင့်မားလာအောင် ဆောင်ရွက်ကြရန် မှာကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် သင်တန်းသားတစ်ဦးက အစ္စရေးနိုင်ငံ၌ သင်တန်းတက်ရောက်ခဲ့မှုအတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး လုပ်ငန်းဌာနအကြီးအကဲများက တင်ပြချက်များအပေါ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားအောင် ဆောင်ရွက်သွားမည့် အစီအမံများကို တင်ပြဆွေးနွေးကြပြီး ဝန်ကြီးက ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို မှာကြားသည်။

သင်တန်းသားများသည် အစ္စရေးနိုင်ငံ၌ ၄ကုက်ပျောစိုက်ပျိုးမှု၌ ၁၇ဦး၊ ပန်းမျိုးစုံ စိုက်ပျိုးထုတ်လုပ်မှု၌ ၁၂ဦး၊ သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်မှု၌ ရှစ်ဦးတက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

## မောက်မယ်မြို့နယ်၌ မူလတန်းကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ

လင်းခေး ဇူလိုင် ၃၀

လင်းခေးခရိုင် မောက်မယ်မြို့နယ် ကွန်ကျိုင်းအခြေခံပညာမူလတန်းကျောင်း ဆောင်သစ်ဖွင့်ပွဲကို ဇူလိုင် ၂၄ရက် နံနက်က အဆိုပါကျောင်းရှေ့၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးကျော်ဆွေ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိုးမြင့်နှင့် ကျောင်းအုပ် ဦးစိုင်းအောင်ထွေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

**ရှင်းလင်းတင်ပြ**

အခမ်းအနားကို ဆက်လက်ကျင်းပရာ ကျောင်းအုပ် ဦးစိုင်းအောင်ထွေးက အဆောက်အအုံအကျယ်အဝန်း ပေ(၅၀×၂၀)နှင့် ကုန်ကျတန်ဖိုးငွေကျပ် ၅၃သိန်း ရှစ်သောင်းတန် ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကွန်ကျိုင်း ရပ်ကွက်ဥက္ကဋ္ဌဦးစိုင်းကျော်မြင့်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကိုပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဒေါ်သန်းဌေးက လက်ခံယူသည်။ **(မြို့နယ် ပြန်/ဆက်)**

## ဖျာပုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ပညာသင်စရိတ်ထောက်ပံ့

ဖျာပုံ ဇူလိုင် ၃၀

ဖျာပုံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် အဖွဲ့ဝင်စစ်မှုထမ်းဟောင်း သားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ခြင်း အခမ်းအနားကို ဇူလိုင် ၂၃ရက် မွန်းလွဲပိုင်းက အဖွဲ့ရုံးခန်း၌ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားသည်။





**ထောက်ပံ့ပေးအပ်**

ထို့နောက် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သားသမီးများဖြစ်သည့် တက္ကသိုလ်ဝင်တန်းအဆင့် ၁၁ဦး၊ အထက်တန်းကျောင်းသား ရှစ်ဦး၊ အလယ်တန်းကျောင်းသား ၂၇ဦးနှင့် မူလတန်းကျောင်းသား ၁၄ဦးတို့အတွက် အဖွဲ့ရန်ပုံငွေမှ ငွေကျပ် ၃၅၁၀၀၀ကို ပညာသင်စရိတ်အဖြစ် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူတစ်ဦးချင်းကို ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကျောင်းသားမိဘများကိုယ်စား အဖွဲ့ဝင်ဦးအေးကြိုင်က ကျေးဇူးတင်စကားပြောသည်။ **(၁၃၇)**

## မီးဖိုဆောင်သုံး အစွမ်းထက်ဆေးပစ္စည်းများစာအုပ်နှင့် အထက်တန်းအဆင့် အင်္ဂလိပ်သဒ္ဒါစာအုပ်ထုတ်ဝေ

နေပြည်တော် ဇူလိုင် ၃၀

တိုင်းရင်းဆေးသမားတော်ကြီး ဆရာမ ဒေါ်တင်နွယ်ဦး(မှန်ချို)၏ မီးဖိုဆောင်သုံး အစွမ်းထက်ဆေးပစ္စည်းများစာအုပ်ကို အုံ့ဖွယ်စာပေတိုက်မှ စီစဉ်၍ ရန်အောင်စာပေက ထုတ်ဝေဖြန့်ချိလိုက်သည်။ ထိုစာအုပ်တွင် မီးဖိုဆောင်မှ အစွမ်းထက် ဆေးပစ္စည်းများဖြစ်သော ဆား၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ်ကောင်း၊ စပါးလင်၊ ငါးရံ့ပတူပင်၊ နံနံပင်၊ နနွင်း၊ သရက်၊သင်္ဘော၊ ဆီးသီး၊ တမာ၊ သစ်ကြံပိုး၊ ဆူးပန်း၊ခဝဲပင်၊ ကြက်တက်နွယ်ပင်၊ ရဲယို၊ ငရုတ်၊ လယ်ပတူ၊ ပျဉ်းတော်သိမ်၊ မရန်း၊ ဆီးဖြူ၊ မန်ကျည်းသီး၊ပင်စိမ်း၊ မဲဇလီ အစရှိသောဆေးပစ္စည်းများအသုံးဝင်ပုံအကြောင်းကို ပြည့်စုံစွာ ဖော်ပြထားပြီး ရှေးတိုင်းရင်းဆေးသမားတော်များ၏ ရောဂါရှာဖွေ စမ်းသပ်နည်း၊ အမျိုးသမီးရောဂါများနှင့် တိုင်းရင်းဆေးပညာ၊ မြန်မာ့အမျိုးသမီးများနှင့် ကျန်းမာရေးပညာပေး စသည့်အကြောင်းတို့ကို ၎င်း၏ သမားစဉ်များနှင့် လက်တွေ့ကုထုံးများဖြင့် ကျန်းမာရေးရှုထောင့်မှ အသေးစိတ်ရေးသားဖော်ပြထားခြင်းကြောင့် အိမ်ရှင်မများသာမက ကျန်းမာရေးကို ဂရုစိုက်သူတိုင်း ဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

**ထုတ်ဝေဖြန့်ချိ**

ထို့ပြင် Wren and Martin ၏ High School English Grammar & Composition ကို ဂျူနီယာဝင်း ဘာသာပြန်ဆိုသည့် အထက်တန်းအဆင့် အင်္ဂလိပ်သဒ္ဒါစာအုပ်ကို အင်္ဂလိပ်စာ အထူးလေ့လာသူတို့အတွက် ရန်အောင်စာပေက ထုတ်ဝေဖြန့်ချိလိုက်သည်။

စာအုပ်တွင် ဆရာကြီး ဒေါက်တာခင်မောင်ဝင်းက အမှာစာရေးထားပြီး ရန်အောင်စာပေ ဖုန်း-၇၂၂၅၇၂နှင့် ၀၉-၅၀၇၉၃၉၈တို့မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ရေလွှဲမြောင်းဖောက်လုပ်နေမှုနှင့် ရေကျော်တံတားတည်ဆောက်နေမှုကို ဇူလိုင် ၁၅ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမင်းသန့်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



**သက်ရှိလောက တည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

31-7 (11).pmd 1 7/31/2010, 2:51 AM



စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းဌေးအား ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E.Dr. Wannarat Channukul ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (စွမ်းအင်)

# စွမ်းအင်ဒုတိယဝန်ကြီး ဦးသန်းဌေးအား ထိုင်းနိုင်ငံစွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးလာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃၀

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန်းဌေးအား ထိုင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H. E. Dr. Wannarat Channukul ဦးဆောင်သောအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ စွမ်းအင်ကဏ္ဍဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပညာရေးကောလိပ်များ၏ ရေကူးပြိုင်ပွဲဖွင့်

ရန်ကုန် ဇူလိုင် ၃၀

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာန(အောက်မြန်မာပြည်)နှင့် ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပညာရေးကောလိပ်များ၏ ရေကူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အင်းလျားလမ်းရှိ တက္ကသိုလ် ရေကူးကန်(ရန်ကုန်)၌ကျင်းပရာ အဆင့်မြင့် ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက အဖွင့် အမှာစကားပြောကြားပြီး ရေကူးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

**ဆုချီးမြှင့်**

ပြိုင်ပွဲတွင် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)နှင့် ပညာရေးစီမံကိန်း နှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ပညာရေး ကောလိပ် ၁၆ခုမှ ရေကူးအားကစားသမား ၉၅ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး နောက်ဆုံး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဩဂုတ် ၁ရက် တွင် ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

# နေပြည်တော် မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်-နေ့လယ်-ည)

၁-၈-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅ တရားတော် **(အင်္ဂုတ္တိုရ်နိကာယသုတ်)** ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန် + သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ဘဝအသွင် ကဗျာ့အမြင် (အဖြူထဲကအလင်း)
၈း၃၅ တေးပဒေသာ
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ သန့်စွမ်းကျန်းမာ ကိုယ်ခန္ဓာ (ဗိုက်လှုပ်ကခြင်းအကြောင်း)
၁၀း၄၀ တေးစီးရီး (တတိယကာရန်-ရဲလေး)
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ဆိုကြပျော်ရွှင် တေးသံစဉ်
၁၂း၀၀ စံတော်ချိန် ကလေးအစီအစဉ် (ကလေးများ အတွက်တေးသီချင်း-မြန်မာဟေ့မြန်မာ)
၁၂း၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (မထိုက်တန်သောပေးဆပ်ရမှု) နေ့လယ်ခင်းတေးပဒေသာ
၁၂း၃၀ စာအုပ်စာပေ လူ့မိတ်ဆွေ (၁) သံဝေဇနီယလေးဌာန မှတ်တမ်းနှင့်အလွမ်း (ဘဒ္ဒန္တဝေဠုရိယ) (၂) မြတ်နိုးဖွယ်ရာပြည်မြန်မာ (ဒေါက်တာဦးဖေဘဏ်)
၁၂း၅၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၁၀ သိလိုသမျှမေး ကျန်းမာရေး
၁၃း၂၀ တေးပဒေသာ
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၃၀ သောတရှင်လိုရာတေး
၁၇း၀၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၇း၃၅ တို့ပြန်ဖြေကြားအနုပညာရှင်များ (မိုးအောင်ရင်)
၁၈း၀၀ ညနေခင်းသတင်း
၁၈း၁၀ တေးချစ်သူရွေးသီတေးပန်းချီ
၁၈း၃၀ သုတစုံကြွယ်သိစေဖွယ် (စိတ်ဖိစီးမှု)
၁၈း၄၅ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ Talk on Line (ဘိုဘို) နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ တေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ညွှန်းဖွဲ့သီရေး သူ့အလှည့်တေး (စန္ဒရားလှမိုး) စီးပွားရေးဦးတည်ချက်
၂၀း၄၀ လယ်ယာစီးပွား (ကြက်သွန်ဖြူစိုက်ပျိုးနည်း)
၂၀း၅၀ တေးပဒေသာ လူမှုရေးဦးတည်ချက်
၂၁း၀၀ ရင်တွင်းခံစား တေးသီချင်းများ (ပန်စီတာမွှိုင်း)
၂၁း၁၅ ညချမ်းချိန်ခါတေးပဒေသာ
၂၁း၃၀ ခေတ်မရွေးသောတေး

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

# ကမ္ဘာ့ငွေကြေးပိုင်ဆိုင်မှုအများဆုံး အားကစားအသင်းများ

➤ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

လန်ဒန် ဇူလိုင် ၃၀

ကမ္ဘာ့အားကစားလောက၌ ငွေကြေးပိုင်ဆိုင်မှုအများဆုံးအသင်းများကို ဖောဘတ်မဂ္ဂဇင်းက စာရင်းပြုစုခဲ့ရာ မန်ချက်စတာယူနိုက်တက်အသင်းသည် ကမ္ဘာ့ငွေကြေးပိုင်ဆိုင်မှုအများဆုံးအသင်းအဖြစ် ဖော်ပြခံရသည်။ ငွေကြေးပိုင်ဆိုင်မှုများပြားသော အသင်းအချို့ကိုဖော်ပြထားရာတွင်-



**မန်ချက်စတာယူနိုက်တက်**

အင်္ဂလန်ပရီမီယာလိဂ်ကလပ် ဘောလုံးအသင်းဖြစ်ပြီး ဂလေဇာမိသားစု ပိုင်ဆိုင်သည်။ မန်ယူအသင်း၏ငွေကြေး ပိုင်ဆိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁ဒသမ ၈၃ဘီလီယံဖြစ်သည်။ တစ်နှစ်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၅၉သန်းဖြစ်ရာ ကမ္ဘာပေါ်၌ ငွေကြေးပိုင်ဆိုင်မှုအများဆုံးအသင်းအဖြစ် ရပ်တည်နိုင်လျက်ရှိသည်။ မန်ယူအသင်း၏ တစ်ကမ္ဘာလုံးပရိသတ်မှာ ၃၃၃သန်းကျော်ရှိသည်။



**ဒါးလက်စ်ကောင်းဘွိုင်အသင်း**

အမေရိကန်နိုင်ငံမှ လက်ပစ်ဘော ဘောလုံးအသင်းဖြစ်သည်။ အမေရိကန်နိုင်ငံတွင် ထိပ်တန်းကလပ်အသင်းဖြစ်ပြီး ပရိသတ် အများဆုံးအားပေးသည့်အသင်းလည်း ဖြစ်သည်။ ဒါးလက်စ်ကောင်းဘွိုင်အသင်း၏ ငွေကြေးပိုင်ဆိုင်မှုမှာ အမေရိကန်ဒေါ်လာ ၁ဒသမ ၆၅ဘီလီယံဖြစ်သည်။ အသင်းပိုင်ရှင်မှာ အမေရိကန်နိုင်ငံသား ဂျာရယ်ဂျုန်းစ်ဖြစ်ပြီး တစ်နှစ်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၂၈၀ဖြစ်သည်။ ကမ္ဘာပေါ်တွင် ငွေကြေးပိုင်ဆိုင်မှု ဒုတိယအများဆုံးအသင်းဖြစ်သည်။



**နယူးယောက်ယန်းကီးစ်အသင်း**

အမေရိကန်နိုင်ငံမှ ဘေ့စ်ဘောအသင်းဖြစ်ပြီး ပိုင်ရှင်မှာ စတိန်ဘရန်နာ မိသားစုဖြစ်သည်။ အမေရိကန်နှင့် ဥရောပပရိသတ် အများအပြား အားပေးသည့်အသင်းဖြစ်ရာ ဝင်ငွေလည်းကောင်းသည်။ နယူးယောက်ယန်းကီးစ်အသင်း၏ ငွေကြေးပိုင်ဆိုင်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆ဘီလီယံဖြစ်သည်။ တစ်နှစ်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၄၁သန်းဖြစ်ရာ ကမ္ဘာပေါ်တွင် တတိယမြောက်ဝင်ငွေအကောင်းဆုံး အားကစားအသင်းလည်းဖြစ်သည်။



**ဝါရှင်တန်ရက်စကင်စ်အသင်း**

အမေရိကန်နိုင်ငံ လက်ပစ်ဘော ဘောလုံးအသင်းဖြစ်သည်။ အသင်းပိုင်ရှင်မှာ ဒင်နီရယ်ဆိုင်ဒါဖြစ်ပြီး အမေရိကန်နိုင်ငံသားဖြစ်သည်။ ငွေကြေးပိုင်ဆိုင်မှုပမာဏမှာ အမေရိကန် ဒေါ်လာ ၁ ဒသမ ၅၅ဘီလီယံဖြစ်ပြီး ၂၀၀၉-၂၀၁၀ကာလ အတွင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၃၄၅သန်းဖြစ်သည်။ ကမ္ဘာပေါ်တွင် စတုတ္ထမြောက် ငွေကြေးပမာဏအများဆုံး အားကစားအသင်းဖြစ်သည်။



**ရီးရဲမက်ဒရစ်အသင်း**

စပိန်နိုင်ငံ လာလီဂါမှ ဘောလုံးအသင်းဖြစ်သည်။ ရီးရဲ မက်ဒရစ်အသင်းမှာ အဖွဲ့ဝင်များ၏ ရှယ်ယာများဖြင့် စုပေါင်း တည်ထောင်ထားသောအသင်းဖြစ်သည်။ ငွေကြေးပိုင်ဆိုင်မှု အပိုင်းတွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၂ဘီလီယံဖြစ်သည်။ ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၅၆၃သန်း ဖြစ်သည်။ ကမ္ဘာ ပေါ်တွင် ဆဋ္ဌမမြောက် ငွေကြေးပိုင်ဆိုင်မှုအများဆုံးအသင်း ဖြစ်သည်။



**အာဆင်နယ်အသင်း**

ပရီမီယာလိဂ်ကလပ် ဘောလုံးအသင်းဖြစ်ပြီး ပိုင်ရှင်မှာ စတန်လေကရွန်ကီ ဖြစ်သည်။ ငွေကြေးပိုင်ဆိုင်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၈ ဘီလီယံဖြစ်ပြီး ဝင်ငွေမှာ အမေရိကန် ဒေါ်လာ ၃၀၉သန်းကျော်ဖြစ်သည်။ ၎င်းဝင်ငွေများမှာ ကြော်ငြာ၊ ကွင်းဝင်ကြေးတို့အပြင် ရုပ်မြင်သံကြား ထုတ်လွှင့်ခများ၊ အသင်း အမှတ်တံဆိပ်ပစ္စည်းများ ရောင်းချမှုဝင်ငွေများပါ ထည့်တွက် ထားခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင် အဋ္ဌမမြောက် ငွေကြေးပိုင်ဆိုင်မှု အများဆုံးနှင့် ဝင်ငွေအများဆုံးအသင်းဖြစ်သည်။



**ဘာစီလိုနာအသင်း**

စပိန်လာလီဂါအသင်းတစ်သင်းဖြစ်သည်။ ဘာစီလိုနာ အသင်းကို အဖွဲ့ဝင်များက ရှယ်ယာများဖြင့် စုပေါင်းပိုင်ဆိုင်ကြ ခြင်းဖြစ်သည်။ ဘာစီလိုနာအသင်း၏ ငွေကြေးပိုင်ဆိုင်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ တစ်ဘီလီယံဖြစ်သည်။ ဝင်ငွေမှာ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၅၁၃ သန်းဖြစ်ပြီး ရုပ်မြင်သံကြားထုတ်လွှင့်ခ ဝင်ငွေတစ်မျိုးတည်းကပင် ဝင်ငွေအမေရိကန် ဒေါ်လာသန်း ၂၂၀ ရရှိခဲ့သည်။ ကမ္ဘာ့ ၁၂သင်းမြောက် ငွေကြေး ပိုင်ဆိုင်မှုအများဆုံး အားကစားအသင်းဖြစ်သည်။



**ဘိုင်ယန်မြူးနစ်အသင်း**

ဂျာမန်ဘွန်ဒက်စ်လီဂါ ကလပ်တစ်သင်းဖြစ်သော ဘိုင်ယန်မြူးနစ်ဘောလုံးအသင်း၏ ငွေကြေးပိုင်ဆိုင်မှုမှာ အမေရိကန် ဒေါ်လာသန်း ၉၉၀ ဖြစ်သည်။ အသင်းပိုင်ရှင်မှာ ရှယ်ယာဝင်များက စုပေါင်းပိုင်ဆိုင်ကြခြင်းဖြစ်သည်။ ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၄၀၆ သန်းဖြစ်ရာ ကမ္ဘာပေါ်တွင် ငွေကြေး ပိုင်ဆိုင်မှု ၂၇သင်းမြောက် အများဆုံးအဖြစ် ဖော်ပြခြင်း ခံရသည်။ ။

**ကိုးကား - အင်တာနက်**

31-7 (12).pmd 1 7/31/2010, 2:51 AM

# စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ (ဦးချမ်းအေး)-ဒေါ်ကြင်ဦး၊ မန္တလေးမြို့နေ ဦးဟုတ်-(ဒေါ်ကျင်မြ)တို့၏မြေး၊
ဦးကြူ(ဦးကြူမိသားစုဂျုံစက်)-ဒေါ်သန်းသန်းဌေးတို့၏တူသား၊
ဦးစိန်ဝင်း-ဒေါ်မြမြသန်းတို့၏သားလတ်

**မောင်ဇော်မင်းဦး(ခ)Hant Hant**
**(Lighthouse Enterprises Ltd.)**

**နှင့်**

ရန်ကုန်မြို့နေ ဗိုလ်မှူးချုပ်မြင့်မောင်(ငြိမ်း)-(ဒေါ်ခင်သန်း)၊ (ဦးဇော်ညွန့်-ဒေါ်ထူး)တို့၏မြေး၊
ဦးထွန်းခိုင်-ဒေါ်ခိုင်ဇော်တို့၏သမီးငယ်

**မခိုင်ချို့မြင့်(ခ)Nge Nge**
**Bachelor of Science in Business Administration (Marketing)**
**University of San Francisco,U.S.A**

တို့သည် ၂၅-၇-၂၀၁၀ရက်(တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ Sedona Hotel(Ballroom) ခန်းမ၌ နှစ်ဖက်သော လူကြီးမိဘများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းမင်္ဂလာကျင်းပပြုလုပ်ပြီးစီး ပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် မောင်ဇော်မင်းဦး(ခ)Hant Hant-မခိုင်ချို့မြင့်(ခ)Nge Nge။**



# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ လူနေရပ်ကွက်(စက်မှုဇုန်)၊ မြေတိုင်းရပ်ကွက်အမှတ်(စက်မှုလက်မှု)၊ မြေကွက်အမှတ်(၇၅/က)၊ (၇၅/က^၁) ဦးရာဂျုံ ကူးမားရှိ ၁၂/ပဘတ(နိုင်)၀၁၄၃၅၈ အမည်ပေါက်နှင့် အဖဦးစောမှု၏သား ဦးမြင့်သိန်း ၁၂/ဗတထ(ဧည့်)၀၀၀၁၇၃ အမည်ပေါက်သော ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ လူနေရပ်ကွက်(စက်မှုလက်မှု)၊ မြေတိုင်းရပ်ကွက်အမှတ်(စက်မှုလက်မှု)၊ မြေကွက်အမှတ် ၇၄၊ ၇၅၊ ၇၆ဟူသောမြေကွက်များကို တရားဝင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသူဟု တင်ပြပြောဆိုသော အဖဦးမန်ဒဲပါးခေသန်း၏သား ဦးရာဂျုံကူးမားရှိ ၁၂/ပဘတ(နိုင်)၀၁၄၃၅၈ထံမှနေ၍ ကျွန်ုပ်၏မိတ်ဆွေက အပြီးတိုင်လွှဲပြောင်းဝယ်ယူရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

သို့ပါ၍ အထက်ဖော်ပြပါမြေကွက်ငါးကွက်အား ရောင်းဝယ်ခြင်းနှင့်စပ်လျဉ်း၍ တရားဝင်ပိုင်ခွင့်ရှိသောသူများနှင့် ကန့်ကွက်လိုသူများသည် ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်မာသည့် စာရွက်စာတမ်းများ တင်ပြလျက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါရောင်းဝယ်မှုကို ပြီးဆုံးတိုင်ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးမိုး၏ လွှဲအပ်ချက်အရ-**
**စိန်ဂျွန်းခင်မောင်သန်း(၆၀၅၁)၊ တရားရုံးချုပ်ရှေ့နေ**
**LL.B, D.B.L, D.M.L, D.I.L, DA, Psy**
**၁၁၃/၅+၆လွှာ၊ ဝဲခန်း၊ ၅၃လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၇၀၀၆၅၄။**





**ကျေးဇူး ဆပ်ပါမည်**

ကျွန်တော် စိုးမိုးကျော်၏ သဘော်သား မှတ်ပုံတင်စာအုပ် CDC-23186 ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။ **ဖုန်း-၀၉-၅၅-၀၂၅၂၂၊ ၀၉-၅၆-၆၀၄၃၀။**


# ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဇူလိုင် ၃၀**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ်မြောက် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့်အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ ညနေ ၄နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက် ကျင်းပရာ နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်း၌ (ဃ) အုပ်စုမှ ပညာရေးဝန်ကြီးဌာနအသင်းက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနအသင်းကို လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော် ပေါင်းလောင်း ဘောလုံးအားကစား ပြိုင်ကွင်း၌ (ဃ)အုပ်စုမှ သစ်တောရေးရာ ဝန်ကြီးဌာနအသင်းက အမျိုးသားစီမံကိန်း နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ နေပြည်တော်လယ်ဝေး ဘောလုံးအားကစားပြိုင်ကွင်း၌ (င)အုပ်စုမှ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

**ယှဉ်ပြိုင်ကစား**

ဇူလိုင် ၃၁ရက်ပွဲစဉ်များအဖြစ် နေပြည်တော်ဘောလုံးအားကစားပြိုင်ကွင်း၌ (င)အုပ်စုမှ စွမ်းအင်ဝန်ကြီးဌာနအသင်းနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌ (စ)အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းနှင့် အမှတ်(၁) လျှပ်စစ်ဝန်ကြီး ဌာနအသင်း၊ နေပြည်တော်လယ်ဝေး ဘောလုံးအားကစားပြိုင်ကွင်း၌ (စ)အုပ်စုမှ ပြန်ကြားရေးဝန်ကြီးဌာနအသင်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် တရုတ်ပညာသင် ကျောင်းသား၊ ကျောင်းသူများ အာစရိယပူဇော်ပွဲနှင့် နှုတ်ဆက်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၃၀**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်၌ ပညာသင်ယူနေကြသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ ယူနန်ပြည်နယ် စီးပွားရေးနှင့် ဘဏ္ဍာရေးတက္ကသိုလ် (အာဆီယံကောလိပ်)၊ ယူနန်တိုင်းရင်းသားလူမျိုးစုတက္ကသိုလ် (အရှေ့တောင်အာရှတောင်အာရှဘာသာစကားနှင့် ယဉ်ကျေးမှုကောလိပ်)၊ စစ်ဆောင်ပန်းနားပြည်နယ်ခွဲ အသက်မွေးဝမ်းကျောင်း အတတ်ပညာသင်ကောလိပ်နှင့်ကွမ်ရှီး(ကျွမ်း) ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ နန်နင်းမြို့ ကွမ်ရှီးတိုင်းရင်းသားလူမျိုးစုတက္ကသိုလ်(ရှမ်းစီးပဟူကောလိပ်)တို့မှ မြန်မာစာအဆင့်မြင့် တစ်နှစ်သင်တန်း၊ မြန်မာစာအခြေခံ တစ်နှစ်သင်တန်းနှင့် မြန်မာစာ ကျွမ်းကျင်မှုသင်တန်းတို့သို့ တက်ရောက်နေကြသော တရုတ်ပညာသင် ကျောင်းသား ကျောင်းသူများ၏ အာစရိယ ပူဇော်ပွဲနှင့် နှုတ်ဆက်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် သီရိရတနာခန်းမ၌ကျင်းပရာ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဇော်လင်းနှင့် ပါမောက္ခ၊ ဌာနမှူးများ၊ မြန်မာစာဌာနပါမောက္ခ (ဌာနမှူး) ဒေါက်တာစိုးမိုးမိုးနှင့် ဆရာ ဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ပေးအပ်**

အာစရိယပူဇော်ပွဲတွင် ရှေးဦးစွာ တရုတ်ပညာသင် ကျောင်းသား၊ ကျောင်းသူများက တက္ကသိုလ်နန်းသီချင်းကို သီဆိုဂုဏ်ပြု၍ ဖွင့်လှစ်သည်။ ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက ဆရာ ဆရာမများအား ကန်တော့ကြပြီး ဂါရဝလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာဇော်လင်း၊ မြန်မာစာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာစိုးမိုးမိုး နှင့် မြန်မာစာအသင်းဥက္ကဋ္ဌ မြန်မာစာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာရွှေပြည်စိုးတို့က ဆုံးမဩဝါဒစကားနှင့် ဆုပေးစကား ပြောကြားကြပြီး မြန်မာတရုတ်တေးသီချင်းများ၊ အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့ အနိုင်ရဗိုလ်စွဲ

**ရန်ကုန် ဇူလိုင် ၃၀**

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၀ခုနှစ် (၂၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ် ပြိုင်ပွဲ၏ အသင်းလိုက်ဗိုလ်လုပွဲပြိုင်ပွဲများကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ စားပွဲတင် တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်၊ အထွေထွေအတွင်းရေးမှူး ဦးမိုးဦးထွန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် စားပွဲတင်တင်းနစ် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

**အနိုင်ရ**

ပြိုင်ပွဲ၏ အမျိုးသားအသင်းလိုက် ဗိုလ်လုပွဲ ပွဲစဉ်၌ မွန်ပြည်နယ်နှင့် ယမန်နှစ်ချန်ပီယံ ရန်ကုန်တိုင်းတို့ ယှဉ်ပြိုင်ကစားကြရာ မွန်ပြည်နယ်က သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

**ယှဉ်ပြိုင်ကစား**

အမျိုးသမီးအသင်းလိုက် ဗိုလ်လုပွဲ ပွဲစဉ်၌ ရန်ကုန်တိုင်းနှင့် မွန်ပြည်နယ်တို့ ယှဉ်ပြိုင်ကစားကြရာ ရန်ကုန်တိုင်းက သုံးပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိကာ ဗိုလ်စွဲသွားသည်။

**ဆက်လက်ကျင်းပ**

ထို့နောက် တစ်ဦးချင်း နှစ်ယောက်တွဲ ရှုံးထွက်ပြိုင်ပွဲများကို ဆက်လက်ကျင်းပသည်။ ပြိုင်ပွဲကို ဇူလိုင် ၃၁ရက် နံနက် ၉နာရီတွင် ယင်းအားကစားပြိုင်ပွဲရုံ၌ပင် ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

# မိုးရွာ သွန်းလေသမျှ

| | |
|---|---|
| နေပြည်တော်(လေဆိပ်) | ၁ ဒသမ ၁၀ လက်မ |
| နေပြည်တော်ရေဆင်း | ၀ ဒသမ ၇၉ လက်မ |
| ကျိုက်မရော | ၄ ဒသမ ၀၉ လက်မ |
| ပူတာအို | ၃ ဒသမ ၄၆ လက်မ |
| ချောင်းဆုံ | ၃ ဒသမ ၀၃ လက်မ |
| စစ်တွေ | ၂ ဒသမ ၇၆ လက်မ |
| မော်လမြိုင် | ၂ ဒသမ ၅၂ လက်မ |
| ကျောက်တော် | ၂ ဒသမ ၄၄ လက်မ |



ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဇူလိုင် ၃ရက်နှင့် ဇူလိုင် ၄ရက်တို့တွင် မြို့ပေါ် (၅)ရပ်ကွက်ရှိ စာသင်ကျောင်းများအား ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်ရာ ပုလောမြို့ အထကကျောင်း စာသင်ခန်းများ ခြင်ဆေးဖျန်းခြင်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးဇော်နိုင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

# စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ တာချီလိတ်မြို့နယ်၌ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နယ် ဟောင်လိတ်အုပ်စု ပါလျှံ(၃)ရပ်ကွက်ရှိ စားသောက်ဆိုင်တစ်ဆိုင်၌ ရောက်ရှိနေသော မနန်းအိ(ခ)မအိနန်းအား ဇူလိုင် ၂၇ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ရှာဖွေရာ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် တာချီလိတ်ရဲစခန်း၌ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မုတ်သုံလေ အားကောင်းမည်

**နေပြည်တော် ဇူလိုင် ၃၀**

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းတွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေသည်။

**ဇူလိုင် ၃၁ရက် ညနေအထိ ခန့်မှန်းချက်မှာ** ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မုတ်သုံလေ အားကောင်းမည်။

**နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့အနီးတစ်ဝိုက်တွင်** ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ဩဂုတ်လ ပထမရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ** လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းတွင် မိုးတစ်ကြိမ် နှစ်ကြိမ်ထစ်ချုန်းရွာမည်။

# မြန်မာ့အလင်း အာကာသ သိပ္ပံသတင်း

## မာကျူရီဂြိုဟ်မျက်နှာပြင်၌ မုန်တိုင်းများတိုက်ခတ်နေ



*အာကာသလှော်လာရေးယာဉ်မှ ပေးပို့သော သတင်းအချက်အလက်များအရ မာကျူရီဂြိုဟ်ပေါ်တွင် မုန်တိုင်းများတိုက်ခတ်နေကြောင်း အာကာသသုတေသနပညာရှင်များက ပြောကြားသည်။*

*သံလိုက်စက်ကွင်း*

*မာကျူရီဂြိုဟ်၏ မျက်နှာပြင်ပေါ်တွင် သံလိုက်စက်ကွင်း ဆွဲငင်အားများ ဖြစ်ပေါ်နေပြီး မုန်တိုင်းများ အဆက်မပြတ် တိုက်ခတ်နေကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။*

*နေမှထွက်ရှိ*

*နေမှ ထွက်ရှိလာသော အလင်းတန်းများနှင့် မုန်တိုင်းများကြောင့် သံလိုက်စက်ကွင်းများ မာကျူရီဂြိုဟ်မျက်နှာပြင်ပေါ်၌ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ထို့အတူ မာကျူရီဂြိုဟ်ပေါ်တွင် သေးငယ်သော သံလိုက်စက်ကွင်းနေရာများ ဖြစ်ပေါ်လျက်ရှိသကဲ့သို့ သံလိုက်ဆွဲငင်အား အလွန်အားနည်းသော ဇရိယာများလည်း ဖြစ်ပေါ်လျက်ရှိသည်။*

*အာကာသလှော်လာရေးယာဉ် မက်ဆင်ဂျာသည် မာကျူရီဂြိုဟ်အနီး ပျံသန်းလှော်လာလျက်ရှိရာ ၂၀၁၁ ခုနှစ်၌ မာကျူရီဂြိုဟ်၏ မျက်နှာပြင်ကို ဆင်းသက်လှော်လာမည်ဖြစ်သည်။ ။* *(အင်တာနက်)*



# ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး စွမ်းရည်မြှင့်တင်ရေးသင်တန်း တာချီလိတ်၌ဖွင့်

တာချီလိတ် ဇူလိုင် ၂၉

ကလေးသူငယ် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ စွမ်းရည်မြှင့်တင်ရေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၈ရက် နံနက် ၉နာရီက တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်စိုး၊ ခရိုင်ဥက္ကဋ္ဌ ဦးကျော်စွာထွန်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ထူးမောင်နှင့် တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဆွေးနွေး**

ရှေးဦးစွာ ခရိုင်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကျော်စွာထွန်းက(**အပေါ်ပုံ**) အမှာစကားပြောကြားပြီး ခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ ဒုတိယဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ထွေးက ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ နိုင်ငံတော်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းသို့ ခရိုင်နှင့်မြို့နယ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကော်မတီဝင်များ၊ ဌာနဆိုင်ရာများမှ သင်တန်းသားသင်တန်းသူ ၃၅ဦးတက်ရောက်ကြကာ ဇူလိုင် ၂၈ရက်မှ ၂၉ရက်အထိ သင်တန်းပို့ချခဲ့ကြောင်း သိရသည်။ (**၀၁၆**)



## ပညာသင်ထောက်ပံ့

**စစ်ကိုင်းတိုင်း ကန့်ဘလူမြို့နယ် ရဲတပ်ဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးပစ္စည်းများပေးအပ်ပွဲကို ဇွန် ၁၁ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကျော်စိုးက တပ်ဖွဲ့ဝင်သားသမီးများအတွက် ထောက်ပံ့ပေးအပ်စဉ်။** (မြို့နယ် ပြန်/ဆက်)



## စုပေါင်းသစ်ပင်စိုက်ပျိုး

ဇူလိုင် ၅ရက်က ပုသိမ်-မုံရွာလမ်းနှင့် မင်းတုန်းမြို့နယ် ဆက်သွယ်ရေးလမ်းဘေး တစ်အုပ်တစ်မစိုက်ခင်း၌ မင်းတုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။

(မြို့နယ် ပြန်/ဆက်)



**ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက် လူမှုရေးလုပ်ငန်းများအတွက် ဇူလိုင် ၂၅ရက်က အလှူရှင် ဆရာကြီး ဦးကျော်စိန်-ဒေါ်မန်း(ကျော်မိသားစုရောင်းဝယ်ရေး) က ငွေကျပ်လေးသိန်းလှူဒါန်းရာ လူမှုရေးအသင်းနာယက ဦးကျော်စိန်က ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။**

(မြန်မာ့အလင်း)



## ကြီးကြပ်ဆောင်ရွက်

မကွေးတိုင်း နတ်မောက်မြို့နယ် လင်းကတိုးကျေးရွာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လေးလက်မစက်ရေတွင်းတူးဖော်ဆောင်ရွက်နေမှုကို ဇူလိုင် ၁၂ရက်က အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့်တာဝန်ခံ အင်ဂျင်နီယာ ဦးခိုင်ဇော်မိုးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

# ကြံခင်းမြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၃၀

ကြံခင်းမြို့နယ်အသင်း(ရန်ကုန်)၏ ဝါတွင်းကာလ စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၁ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် လှိုင်မြို့နယ် (၅)ရပ်ကွက်ရှိ ကြံခင်းပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ကြံခင်းမြို့နယ်သူ မြို့နယ်သားများ စုပေါင်းလှူဒါန်းပွဲသို့ တက်ရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

အလှူငွေနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်းလိုပါက ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစန်းလွင်(ငြိမ်း) ဖုန်း-၀၁-၆၃၆၇၈၀၊ အတွင်းရေးမှူးဦးစိန်ဌေး ဖုန်း-၀၁-၆၆၃၄၈၉၊ ၀၉-၅၁-၃၂၁၅၈၊ ဘဏ္ဍာရေးမှူး ဒေါ်တင်တင်ထွေး ဖုန်း-၀၁-၅၄၁၀၆၅ နှင့် အလုပ်အမှုဆောင် ဒေါ်အေးအေးညွန့် ဖုန်း-၀၁-၆၄၆၅၇၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

## မြို့နယ် သတင်း ထွေတလာ

## ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည်နှင့်အဖွဲ့ ဇွန် ၁၁ရက်က ကျောက်တော်မြို့ မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။**

(မြို့နယ်စည်ပင်)



# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ကာမိုင်းမြို့နယ်၌ ဟောပြောပွဲကျင်းပ

ကာမိုင်း ဇူလိုင် ၂၃

ကချင်ပြည်နယ် မိုးညှင်းခရိုင် ကာမိုင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဟောပြောပွဲကို ဇူလိုင် ၃ရက် နံနက်က ကာမိုင်းမြို့ မြစ်မိးရောင်ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ကာမိုင်းမြို့ အုပ်ချုပ်ရေးမှူး ဦးလှမျိုးထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးသန်းက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့အကြောင်းသိကောင်းစရာ ခေါင်းစဉ်ဖြင့် ဟောပြောသည်။

**ဟောပြော**

ဆက်လက်၍ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်လှဲ့လှဲ့ခိုင်ကလူကုန်ကူးမှုတားဆီးကာကွယ်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ အထက်တန်းသူနာပြု ဒေါ်ပြုံးကြည်က ကျန်းမာရေးပညာပေးခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။ ဆက်လက်၍ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိခဲ့သည့် ကာမိုင်း အထကမှ ကျောင်းသားကျောင်းသူများကို ထူးချွန်ဆုများ ချီးမြှင့်သည်။ **(မြို့နယ် ပြန်/ဆက်)**

# ပေါက်ခေါင်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

ပေါက်ခေါင်း ဇူလိုင် ၂၄

ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေးစီမံကိန်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ပေါက်ခေါင်းမြို့နယ် ဓမ္မသော်ကျေးရွာ၌ ဇူလိုင် ၈ရက် နံနက် ၇နာရီကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်လတ်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ စုစုပေါင်း ၆၅ ဦး တက်ရောက်ကြပြီး ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ ယင်းမာ၊ ယူကလစ်၊ မဲဇလီ၊ သီဟိုဠ်၊ တမာနှင့် စိန်ပန်း သစ်မျိုးများ စုစုပေါင်းအပင် ၈၅၀ကို စုပေါင်းစိုက်ပျိုးကြသည်။

**(အောက်ပုံ) (မြို့နယ်သစ်တောဦးစီးဌာန)**



# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြောပွဲ မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာ၌ကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

မွန်ပြည်နယ် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ၏ ကြီးကြပ်မှုဖြင့် မော်လမြိုင်မြို့နယ် ယာဉ်ထိန်းတပ်ဖွဲ့ကကြီးမှူး၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၃ရက်က မော်လမြိုင်မြို့နယ် ရိုးဂိုးကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ ကျေးရွာဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ပြည်နယ်ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဝင် ရဲအုပ်အေးမင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းကိုလည်းကောင်း၊ ဒုတိယရဲအုပ်နိုင်မင်းက စက်ဘီးစီးသူများနှင့် ခြေကျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းချက် (၁၇)ချက်၊ ဆိုင်ကယ်စီးသူများ လိုက်နာရမည့် စည်းကမ်းချက်များနှင့် လက်အချက်ပြစနစ်များကိုလည်းကောင်း ဟောပြောကြသည်။ ထို့နောက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဓာတ်လမ်းခွေနှင့် လက်ကမ်းစာစောင်များကို ကျေးရွာဥက္ကဋ္ဌထံ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံး အဆောက်အအုံသစ်ဖွင့်ပွဲ

## တိုင်းမှူးဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်

နေပြည်တော် ဇူလိုင် ၃၀

မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၈ရက် နံနက်ပိုင်းက မော်လမြိုင်မြို့ရှိ အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဖွင့်လှစ်ပေး**

ရေးဦးစွာတာဝန်ရှိသူတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးက အဆောက်အအုံသစ်ကမ္ပည်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး တာဝန်ရှိသူတစ်ဦးက အဆောက်အအုံသစ်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ မွန်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ**

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူတို့က အဆောက်အအုံသစ် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ဆက်လက်၍ တိုင်းမှူးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ အဆောက်အအုံသစ်နှင့် ဆေးပစ္စည်းများ၊ ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ရွှေပီတောက်(၁) စာကြည့်တိုက် အမရပူရမြို့နယ် မန်ကျည်းကိုင်းကျေးရွာ၌ဖွင့်

အမရပူရ ဇူလိုင် ၂၆

အမရပူရမြို့နယ် မန်ကျည်းကိုင်းကျေးရွာအုပ်စု မန်ကျည်းကိုင်းကျေးရွာ ရွှေပီတောက်(၁) ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်နှင့် စတိုခန်း အဆောက်အအုံဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၈ရက် နံနက် ၁၀နာရီက အဆိုပါစာကြည့်တိုက်ရှေ့တွင် ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မြဲရေးကို ရှင်းလင်းပြောကြား၍ ဒေါ်မမနိုင်(မမနိုင်-မြန်မာ့ရုပ်သေး)က စာဖတ်ခြင်း၏ အကျိုးကျေးဇူး၊ ဦးမြင့်ဆွေ (ဆွေနွယ်ဦး)က ဖတ်ပါမှတ်ပါပညာဘဏ်တိုက် စာကြည့်တိုက်၊ ဦးမောင်မောင် (မင်းဇေယျာ)က ကြုံတွေ့ခဲ့ရာဘဝထဲက ဘဝအတွေ့အကြုံတို့အား ဆွေးနွေးပြောကြားကာ ကျေးရွာဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ဖဲကြိုးဖြတ်ဖွင့်**

အဆိုပါစာကြည့်တိုက်ကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်သန်းသန်းဝေနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းလင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**



# ကြက်ငှက်တုပ်ကွေးလေ့လာရေး တောင်ငူ၌ ညှိနှိုင်းစည်းဝေး

တောင်ငူ ဇူလိုင် ၂၅

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့တို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့် H5 N1 ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းလေ့လာရေးနှင့် ရောဂါထောက်လှမ်းရေးလုပ်ငန်း စီမံကိန်းမှ ကျေးလက် တိရစ္ဆာန်ကျန်းမာရေးလုပ်သားများနှင့်တွေ့ဆုံကျင်းပသည့် ဒုတိယအကြိမ် လပတ်အစည်းအဝေးကို ဇူလိုင် ၂၂ရက် နံနက် ၉နာရီက တောင်ငူမြို့နယ် ကံရိုးရွာ မူလတန်းကျောင်း၌ ကျင်းပသည်။

**ဆွေးနွေး**

အဆိုပါ အစည်းအဝေးတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါက်တာရဲအောင်က အဖွင့်အမှာစကား ပြောကြားပြီး ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့မှဒေါက်တာဝါဝါဟန်က ကြက်ငှက်တုပ်ကွေးရောဂါများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။ ညှိနှိုင်းအစည်းအဝေးသို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ခရိုင်ဦးစီးအရာရှိ ဦးသန်းလှိုင်၊ မြို့နယ်ဦးစီးမှူး ဒေါက်တာနေစိုးနှင့်ဝန်ထမ်းများ၊ တိရစ္ဆာန်ကျန်းမာရေး လုပ်သားများနှင့် ကျေးရွာသူကျေးရွာသားများ တက်ရောက်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း နတ်တလင်း၌ ပညာပေးဟောပြော

နတ်တလင်း ဇူလိုင် ၂၆

နတ်တလင်းမြို့နယ် ရဲတပ်ဖွဲ့က ကြီးမှူးကျင်းပသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၀ရက် နံနက် ၉ နာရီက နတ်တလင်း အထက၁ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မောင်ဝင်း **(အပေါ်ပုံ)**က ဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်ကို ပြောကြားပြီး ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲအုပ် တင်အောင်မိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သင်္ကေတအမှတ်အသားများကို ရှင်းလင်းဆွေးနွေးခြင်း၊ လက်အချက်ပြ သရုပ်ပြခြင်းများ ဆောင်ရွက်သည်။

**မှာကြား**

ဆက်လက်၍ ရဲစခန်းမှူး ရဲအုပ်ထွန်းလွင်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဥပဒေပိုင်းဆိုင်ရာများ ဆွေးနွေးဟောပြောပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးက ကျောင်းသားကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအတိုင်း လိုက်နာရန် မှာကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ထောက်ရှည်ကန်-လေးပင်ကုန်းကျေးလက်ကျောက်ချောလမ်း ခင်းရန် စက်ယန္တရားဖြင့် အောက်ခံမြေသားပုံဖော်ခြင်းလုပ်ငန်းကို ဇူလိုင် ၅ ရက်က ချောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးသန်း ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)



# မူးယစ်ဆေးတိုက်ဖျက်ရေးနေ့ အခမ်းအနား ဒီပဲယင်း၌ ကျင်းပ

ဒီပဲယင်း ဇူလိုင် ၂၈

ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၈နာရီက ဒီပဲယင်းမြို့ အထကကျောင်း ရွှေဝါမြေခန်းမ၌ကျင်းပရာ အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးထံမှပေးပို့သော သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးလွင်က ဖတ်ကြားသည်။

ဆက်လက်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအလွဲသုံးမှုနှင့် သယ်ဆောင်ရောင်းဝယ်မှုတို့ကို စဉ်ဆက်မပြတ်တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များအား မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး စိုးမြင့်ကလည်းကောင်း၊ မူးယစ်ဆေးဝါးနှင့် ဆက်စပ်နီးနွယ်သော HIV/AIDS ရောဂါအန္တရာယ်အကြောင်း သိကောင်းစရာများကို မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာချစ်ခင်ကလည်းကောင်း ရှင်းလင်းဟောပြောသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရေမြောင်းတူးဖော်

**မြို့တွင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မင်းရဲကျော်စွာလမ်းတစ်လျှောက် ရေမြောင်းတူးဖော်ခြင်း၊ အမှိုက်သရိုက်များ ရှင်းလင်းခြင်းလုပ်ငန်းကို ဇူလိုင် ၅ရက်က ဒုတိယဦးစီးမှူး ဦးထွန်းလှိုင် ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

# မြို့နယ် သတင်း ထွေတလာ

**လှိုင်းဘွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အတွင်းရှိ ဈေးများ၊ ကျောင်းများတွင် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင် ၆ ရက်က အမှုဆောင်အရာရှိ ဦးသိန်းစိုး ကြီးကြပ်ဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)





# သွေးလွန်တုပ်ကွေးကာကွယ်ရေး ပညာပေးဟောပြော

နေပြည်တော် ဇူလိုင် ၃၀

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေး ဟောပြောခြင်းနှင့် ကလေးငယ်များအား ကွင်းဆင်းဆေးကုသခြင်း အစီအစဉ်ကို ဇူလိုင် ၂၃ရက်က မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မုရစ်ကလေးကျေးရွာ တိုက်နယ်ဆေးရုံ၌ ကျင်းပရာ မော်လမြိုင်မြို့ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာ ဉာဏ်ဇော် ဦးဆောင်သော ကလေးအထူးကုဆရာဝန်နှင့် ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်နှင့် အဖွဲ့ဝင်များ၊ မော်လမြိုင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်ဆွေ၊ ချောင်းဆုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ပူးပေါင်း၍ ဆောင်ရွက်ကြသည်။

**ဟောပြော**

ထိုသို့ ဆောင်ရွက်ရာတွင် အထွေထွေရောဂါကုဆေးရုံအုပ်ကြီးက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောခြင်း၊ ငှက်ဖျားရောဂါကာကွယ် နှိမ်နင်းရေးအဖွဲ့မှ ဒေါက်တာ စည်သူရဲနောင်နှင့် ကလေးအထူးကုဆရာဝန် ဒေါက်တာဒေါ်ဝင်းဝင်းမြင့်တို့က ကျန်းမာရေး အသိပညာပေး ဟောပြောခြင်း၊ ကျန်းမာရေးဝန်ထမ်းများက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ခြင်ထောင်ဆေးစိမ်နည်း လက်တွေ့သရုပ်ပြသကြပြီး မုရစ်ကလေးကျေးရွာအတွင်းရှိ ရောဂါဖြစ်ပွားသူ ကလေးငယ်များအား ကလေးအထူးကုဆရာဝန်ကြီးနှင့် လက်ထောက်ဆရာဝန်များက စစ်ဆေးကုသပေးကြသည်။ ထို့အတူ မွန်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကလည်း ကျန်းမာရေးဝန်ထမ်းများနှင့်အတူ မုရစ်ကလေးကျေးရွာအတွင်းရှိ နေအိမ်များ၌ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

**(သတင်းစဉ်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
## အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းနှင့် တွေ့ဆုံဆွေးနွေး
## နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်

**နေပြည်တော် ဇူလိုင် ၃၀**

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့် ဇူလိုင် ၂၇ရက် ညနေ ၄နာရီ ၄၅မိနစ်တွင် နယူးဒေလီမြို့ Hyderabad House ရှိ The Deccan Suite ၌ တွေ့ဆုံနှုတ်ဆက်သည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✻



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းတို့ နယူးဒေလီမြို့ Hyderabad House ရှိ Conference Room ၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)